mgyoe.com
SAMPLE BOOK

# မြသန်းတင့်

## ပီတောက်ပန်းသို့ ဂုဏ်ပြုခြင်း

(ရသအနုပညာ အက်ဆေးများ)



မင်းဆွေနစ် စီစဉ်သည်

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းတိုင်ကိုသွားရတယ်ဆိုတာ
လရောင်အောက်မှာ
လမ်းလျှောက်တာမဟုတ်ဘူး။

(ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည့် ဝတ္ထုမှ)

မြသန်းတင့်
(၁၉၂၉ - ၁၉၉၈)

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မြသန်းတင့်

# ပိတောက်ပန်းသို့ ဂုဏ်ပြုခြင်း

## (ရသအနုပညာအက်ဆေးများ)

မင်းဆွေနှစ် စီစဉ်သည်

ချင်းတွင်းအိမ်
စာပေ ပြန့်ဖြိုးရေး
သုတာလမ်း၊ ဈေးဝေလတုန်းရပ်၊ မုံရွာမြို့၊
ဖုန်း-၂၂၁၇၈၊ ၀၉-၄၇၀၅၁၅၀၀
E-mail : chindwineain @ gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

■

ပုံနှိပ်
ပထမအကြိမ်
မတ်လ၊ ၂၀၂၄
အုပ်ရေ(၁၀၀၀)

■

မျက်နှာဖုံး
ဓာတ်ပုံထိန်ဝင်း

■

ထုတ်ဝေသူ
ချင်းတွင်းအိမ်စာပေ(၀၁၆၇၅)
ဘုတာလမ်း၊ ဆူးလေကုန်းရပ်၊ မုံရွာ

■

ပုံနှိပ်သူ
ကာလာဇုံပုံနှိပ်တိုက်(၀၀၁၄၂)
အမှတ် ၁၈၄၊ ၃၁ လမ်း၊ ရန်ကုန်

■

စာအုပ်ချုပ်
ကိုမြင့်

■

ဖြန့်ချိရေး
ချင်းတွင်းအိမ်စာပေ
၀၉-၂၁၃၁၅၀၀
နှစ်ကာလများ စာပေ
၀၉-၂၅၄၈၄၈၀၄၈

တန်ဖိုး (၈၀၀၀)ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

စိစဉ်သူမှ - - - မင်းဆွေနစ်


| | |
|---|---|
| ၁။ ပိတောက်ပန်းသို့ဂုဏ်ပြုခြင်း | ၉ |
| ၂။ တမာနရှိန်စစ်တမ်း | ၃၉ |
| ၃။ ထီးကောက်နှင့်ခေါက်ထီး | ၅၁ |
| ၄။ မြင်းကိုအတင်းရေသောက်ခိုင်း၍မရနိုင် | ၆၃ |
| ၅။ လက်ဖက်ရည်ဆိုင်ထဲမှဖြတ်သန်းစီးဆင်းသွားသောရေအလျင် | ၇၇ |
| ၆။ မနက်ခင်းရန်ကုန်မြို့တွင်းဈေးများကိုလျှောက်ကြည့်ခြင်း | ၉၃ |
| ၇။ ဖြူးတွင်တွေ့ခဲ့သောနွံထဲကကြာတစ်ပွင့် | ၁၁၉ |
| ၈။ သဇင်နံ့၊နှင်းနံ့တို့သင်းပျံ့သောထွေလာစရီး | ၁၃၃ |
| ၉။ တပေါင်းညတစ်ည၌ခေတ်ကိုသုံးသပ်ကြည့်ခြင်း | ၁၄၃ |
| ၁၀။ ပန်းများမပွင့်သောနွေဦး | ၁၅၁ |
| မြသန်းတင့်ရဲ့မြသန်းတင့် (ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) | ၁၆၃ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



# မြသန်းတင့်

(၁၉၂၉-၁၉၉၈)

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# စိစဉ်သူမှ

■

သံသရာ ရှည်သလောက်
ဘဝဟာ…တိုတိုလေးပါ
တိုတောင်းတဲ့ဘဝလေးမှာ
ငြိမ်းချမ်းတဲ့ ရသအနုပညာနဲ့ ချစ်ခြင်းမေတ္တာတွေကို
ဆရာ့အက်ဆေးလေးတွေဖတ်ရင်း
ကြည်နူး ပီတိ ဖြစ်ခဲ့ရပါတယ်……

ကြီးမားလှတဲ့ ဆရာ့စာပေကျေးဇူးတွေကို
အောက်မေ့သတိရရင်း လှပမွှေးမြတဲ့ ပန်းကလေးတွေကို
တစ်ပွင့်စီသီကုံးသလို စုစုစည်းစည်း
(ပိတောက်ပန်းသို့ ဂုဏ်ပြုခြင်း)
ဆိုပြီး စီစဉ်တင်ဆက်လိုက်ပါတယ်။

ဒါကို ဆရာလည်း ကျေနပ်မှာပါ
ခွင့်ပြုပေးတဲ့ဆရာ့မိသားစုကိုလဲ ဒီနေရာက
ကျေးဇူးအထူးတင်ကြောင်း မှတ်တမ်းပြုပါတယ်။

မင်းဆွေနစ်

၁-၁-၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK



စာကြည့်တိုက်တွေဟာ ဘဝရဲ့ပြတင်းပေါက် တွေနဲ့အလား သဏ္ဌာန်တူတယ်။

အဲဒီ ပြတင်းပေါက်တွေကနေပြီး၊ ကျွန်တော်တို့ဟာ သုတဆိုတဲ့လေကောင်းလေသန့်ကိုရှူရှိုက်နိုင်တယ်။ ရသဆိုတဲ့ စိမ်းလန်းသာယာတဲ့ ရှုမျှော်ခင်းတွေကိုကြည့်နိုင်တယ်။

စာကြည့်တိုက် မရှိတဲ့နေရာဟာမွန်းကျပ်ပိတ်လှောင်နေတဲ့အခန်းကျဉ်း ကလေးတစ်ခန်းနဲ့တူတယ်။ ဒါကြောင့် ပြတင်းပေါက်တွေကို များများဖွင့်ပေးရမယ်။

(မြသန်းတင့်)

mgyoe.com

mgyoe.com SAMPLE BOOK

# ပိတောက်ပန်းသို့ ဂုဏ်ပြုခြင်း

(၁၉၉၇ ခု၊ စက်တင်ဘာလ၊ ၅ ရက်နေ့ တက္ကသိုလ်များ ဗဟို စာကြည့်တိုက် ဇော်ဂျီ ကြေးရုပ်ဖွင့်ပွဲ အခမ်းအနားတွင် ဟောပြောချက်)

ဒီနေ့ စာရေးဆရာကြီး၊ ကဗျာဆရာကြီး ဇော်ဂျီရဲ့ ရုပ်တုဖွင့်ပွဲ အခမ်းအနားမှာ စကားပြောခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ကြွရောက်လာကြတဲ့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နဲ့ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနဲ့ စာပေမိတ်ဆွေများအားလုံးကိုလည်း ကျေးဇူး တင်ကြောင်း ပြောကြားလိုပါတယ်။ ဇော်ဂျီဟာ ကျွန်တော်တို့ရဲ့ အာစရိယ ဆရာ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်တိုင် သူ့ကို သူ့ရဲ့ ကလောင်နာမည်အတိုင်း ဇော်ဂျီလို့ ခေါ်တာကို ခွင့်လွှတ်စေလို ပါတယ်။ လောကကြီးကို အမြဲနားလည်ခွင့်လွှတ်တတ်တဲ့ ဆရာကတော့ ရောက်ရာ အရပ်ကနေပြီး ခွင့်လွှတ်မယ်ဆိုတာ ကျွန်တော်ယုံကြည်ပြီး သားပါ။

နောက်တစ်ချက် တောင်းပန်လိုတာက ဇော်ဂျီအကြောင်းကို

mgyoe.com

SAMPLE BOOK

ပြောရတာဟာ ကြီးကျယ်ခမ်းနားလွန်းပြီး ပြောသူက သေးငယ်လွန်းနေပါတယ်။ ဒါကြောင့် ဇော်ဂျီအကြောင်းကို ပြောရတာဟာ ပုဏ္ဏား ၆ ယောက် ဆင်စမ်းတဲ့ အဖြစ်မျိုးနဲ့ တူကောင်း တူနေပါလိမ့်မယ်။ တကယ်လို့များ ကျွန်တော့် ဟောပြောချက်ထဲမှာ မပြည့်စုံတာ၊ လိုတာ၊ မှားတာရှိရင် ကျွန်တော့်ကို ဆင်စမ်းတဲ့ ပုဏ္ဏားလို့ပဲ သဘောထားကြပါ။

ဒီနေ့ ဇော်ဂျီရဲ့ရုပ်တုဖွင့်ပွဲဟာ တော်တော်ထူးခြားတဲ့ပွဲ ဖြစ်ပါတယ်။ ဒီနေ့ကမ္ဘာမှာ ရုပ်တုတွေဟာ တစ်ခုပြီးတစ်ခု ပြိုလဲနေကြပါတယ်။ ဒီလို ရုပ်တုတွေပြိုလဲနေတဲ့ခေတ်မှာ ကျွန်တော်တို့ဟာ ရုပ်တုတစ်ခုကို စိုက်ထူလိုက်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စိုက်ထူလိုက်တဲ့ရုပ်တုကတော့ ဘယ်တော်လှန်ရေးကမှ ဖြိုလှဲပစ်နိုင်တဲ့ ရုပ်တု မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ စိုက်ထူလိုက်တဲ့ ဇော်ဂျီရဲ့ရုပ်တုဟာ လူတစ်စု၊ လူတန်းစားတစ်စုကို ကိုယ်စားပြုတဲ့ ရုပ်တုမဟုတ်ဘဲ တစ်မျိုးသားလုံး၊ ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ပြောရရင် လူသားအားလုံးကို ကိုယ်စားပြုတဲ့ ရုပ်တု ဖြစ်လို့ပါပဲ။

ဇော်ဂျီရဲ့ စာတွေ၊ ကဗျာတွေကို ပြန်ကြည့်လိုက်ရင် ဒီအချက်ကို ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

အားလုံး သိကြတဲ့အတိုင်း ဇော်ဂျီဟာ ခေတ်စမ်းစာပေ လှုပ်ရှားမှုကြီးရဲ့ အလံကိုင် သုံးဦးအနက် တစ်ဦးဖြစ်ပါတယ်။ ခေတ်စမ်းစာပေလှုပ်ရှားမှုဟာ ကိုလိုနီခေတ်ကတည်းက လူးလွန့် ရှင်သန်လာခဲ့တဲ့အမျိုးသားစာပေလှုပ်ရှားမှု ဖြစ်ပါတယ်။ ခေတ်စမ်းစာပေ လှုပ်ရှားမှုဟာအမျိုးသားစာဆိုကြီး သခင်ကိုယ်တော်မှိုင်း၊ အိန္ဒိယမျိုးချစ်စာဆိုကြီးဆိုပြီးတဂိုးတို့ရဲ့ ဩဇာအောက်မှာ မွေးဖွားရှင်သန်လာခဲ့တဲ့ စာပေလှုပ်ရှားမှုဖြစ်တဲ့အလျောက် အဲဒီလှုပ်ရှားမှုဟာ ထင်ရှားတဲ့ အမျိုးသားလက္ခဏာကိုဆောင်နေပါတယ်။ ဒီအချက်ကိုလည်း ခေတ်စမ်းစာဆိုတွေရဲ့ စာပေထဲ

mgyoe.com

mgyoe.com
SAMPLE BOOK


မှာ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ ဇော်ဂျီဟာ အဲဒီလို အမျိုးသား လက္ခဏာဆောင်တဲ့၊ ဆန်းသစ်တဲ့၊ ဂန္တဝင် အစဉ်အလာကို မြန်မာ့ လူ့ဘောင်ရဲ့ တောင်းဆိုချက်နဲ့အညီ ပြန်လည် ဆန်းသစ်စေတဲ့ ခေတ်စမ်း စာပေလှုပ်ရှားမှုရဲ့ အလံကိုင် သုံးဦးအနက် တစ်ဦးဖြစ်ပါတယ်။ ခေတ် စမ်းစာပေ လှုပ်ရှားမှုမှာ စာရေးဆရာတွေ၊ ကဗျာဆရာတွေ အများကြီး ပါလာခဲ့ပါတယ်။ ဒီအထဲက သိပ္ပံမောင်ဝ၊ ဇော်ဂျီနဲ့ မင်းသုဝဏ်တို့ သုံးဦးသာလျှင် သူတို့ရဲ့ ဘဝတစ်လျှောက်လုံး ခေတ်စမ်းအလံကို လွှင့်ထူပြီး စာတွေကို ရေးသွားခဲ့ကြတာဖြစ်ပြီး တခြားစာရေးဆရာများ ကတော့ အကြောင်းကြောင်းကြောင့် စာပေလောကမှ ထွက်ခွာသွားခဲ့ ကြပါတယ်။ သူတို့ သုံးဦးကတော့ ခေတ်စမ်းကို မွေးဖွားခဲ့သူ၊ ခေတ်စမ်း ကို ရှင်သန်အောင် လုပ်ခဲ့သူ၊ ဘဝတစ်လျှောက်လုံး ခေတ်စမ်းစာပေ လှုပ်ရှားမှုကို ကိုယ်စားပြုခဲ့ကြသူများ ဖြစ်တဲ့အတွက် သူတို့သုံးဦးကို ခေတ်စမ်းရဲ့ အလံကိုင်များလို့ ပြောရခြင်းပါ။

ချက်ကိုစလိုဗက် အမျိုးသမီး ဘာသာဗေဒပညာရှင်နဲ့ မြန်မာ စာပေသုတေသီ ဒဂ္ဂမာကိုဗာက ခေတ်စမ်းစာပေ လှုပ်ရှားမှုသမိုင်းနဲ့ ပတ်သက်လို့ခေတ်စမ်းစာပေကို ဦးဆောင်ခဲ့တဲ့ သူများက ရေးထားတဲ့ စာရယ်လို့ မတွေ့ရသေးဘူးလို့ သူ့ရဲ့'သိပ္ပံမောင်ဝ၏ စာပေလေ့လာချက်' ဆိုတဲ့ စာတမ်းမှာ ရေးခဲ့ဖူးပါတယ်။ အမှန်ကတော့ ဆရာကြီး ဦးဖေ မောင်တင်၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီနဲ့ မင်းသုဝဏ်တို့ဟာ ခေတ်စမ်းစာပေ လှုပ်ရှားမှု ပေါ်ပေါက်လာပုံ၊ ခေတ်စမ်းစာပေ လှုပ်ရှားမှုရဲ့ ဦးတည်ချက် စသည်တို့နဲ့ ပတ်သက်လို့ အခါအခွင့်ကြုံတိုင်း ပြောခဲ့၊ ရေးခဲ့တာတွေ ရှိပါတယ်။ ဒီနည်းအားဖြင့် (ဆရာကြီး ဦးဖေမောင်တင် ဦးဆောင်တဲ့) သူတို့သုံးဦးက ခေတ်စမ်းစာပေ လှုပ်ရှားမှုကို ကိုယ်တိုင် ခေါင်းဆောင် ပါဝင်ခဲ့ကြပြီး၊ ခေတ်စမ်းကို နှောင်းမျိုးဆက်တွေဆီကို သယ်ဆောင်

mgyoe.com

m.gyoe.com SAMPLE BOOK

လာခဲ့ကြသူများ ဖြစ်ပါတယ်။

ဒီအထဲမှာ ထပ်ပြီး အသေးစိတ်ပြောရရင် သိပ္ပံမောင်ဝဟာ ခေတ်စမ်းစကားပြေကို ခေါင်းဆောင် ဖွံ့ဖြိုးတိုးတက်စေခဲ့သူဖြစ်ပြီး ဇော်ဂျီနှင့် မင်းသုဝဏ်တို့ကတော့ ခေတ်စမ်းစကားပြေကိုရော၊ ကဗျာကို ပါ စိုက်ပျိုးရုံမက ရှင်သန်အောင် မြေတောင်မြှောက်ခဲ့သူများ ဖြစ်ပါတယ်။ အထူးသဖြင့် ဇော်ဂျီဟာ ခေတ်စမ်းကဗျာကို စတင် တည်ထောင်သူ လို့ဆောင် ဆိုနိုင်ပါတယ်။ ၁၉၂၈ ခုနှစ်မှာ စတင်ဖွဲ့စပ်ဆိုလိုက်တဲ့ ဇော်ဂျီရဲ့ 'ပိတောက်ပန်း' ကဗျာဟာ ပထမဆုံးသော ခေတ်စမ်းကဗျာလို့ ဆို နိုင်ပါတယ်။ 'ပိတောက်ပန်း' အရင်က ရှိခဲ့သမျှသော ကဗျာများဟာ (ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မဟာလေးချိုးကြီးများက လွဲရင်) ဂန္ထဝင် ပုံသဏ္ဌာန် စစ်စစ် ဖြစ်ခဲ့ကြပြီး 'ပိတောက်ပန်း' ကတော့ တကယ့် ခေတ်စမ်းဟန်ကို စတင်လိုက်တဲ့ ကဗျာ ဖြစ်ပါတယ်။ ခေတ်သစ် ရုရှား စာပေနဲ့ ပတ်သက်လို့ ပြောရာမှာ ဂေါ်ကီက " ကျွန်တော်တို့သည် ကုတ်အင်္ကျီမှ ဆင်းသက်လာကြသည်" လို့ ပြောခဲ့ဖူးပါတယ်။ သဘော ကတော့ ခေတ်သစ် ရုရှားစာပေက ဂိုဂိုးလ်ရဲ့ 'ကုတ်အင်္ကျီဆိုတဲ့ ဝတ္ထု တိုကလေးက အစပြုခဲ့တယ်လို့ ပြောတဲ့သဘောပါ ဒီအတိုင်းပါပဲ။ ကျွန်တော်တို့ရဲ့ မြန်မာခေတ်သစ် ကဗျာဟာလည်း ဇော်ဂျီရဲ့ 'ပိတောက် ပန်း' က ဆင်းသက်လာတယ်လို့ ပြောနိုင်ပါတယ်။

'ပိတောက်ပန်း' မတိုင်မီတုန်းက မြန်မာကဗျာဟာ သဘာဝ အကြောင်း၊ ပန်းအကြောင်း၊ ရာသီအကြောင်း၊ နက္ခတ်အကြောင်း၊ တော တောင်ရေမြေအကြောင်းကို ခပ်ရိုးရိုး ခပ်စင်းစင်း ဖွဲ့သွားတဲ့ သရုပ်ပြ အဖွဲ့လောက်ပဲ ရှိပါတယ်။ ဦးကြော့ရဲ့ ပိတောက်ပန်းအဖွဲ့ကို ကြည့်ရင် ဒီအချက်ကို သိနိုင်ပါတယ်။ နားထောင်ကြည့်ပါ။

လတန်ရှူးပေမို့

m.gyoe.com

mgyoe.com SAMPLE BOOK 

အလှထူးပါဘိ
မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ။
တကယ်တမ်းသာပ
ဘယ်ပန်းသော် စံမတူလို့
နန္ဒမူဖန်ဂူရိပ်မှာ
ပစ္စေကာ ချွေးတော်သိပ်ရတဲ့
အေးရိပ်ဆာယာ။
တစ်နှစ်တွင်
သည်တစ်လသာပ
တစ်လတွင် တစ်ရက်တည်း
ခက်ခဲတဲ့ ရက်ဗုဒ္ဓါ
ပွင့်ရှာကြ စုံမြိုင်တွင်း။
မြူမင်းလွှင်ထန်
ကြူသင်းတာချိန်ယံမတော့
ဂိမ္ဘာန်လေပြန်နှောက်ခဲ့ရင် ရွှေဝတ်ဆံ
ငုံတံညှောက်ကယ်က
သိန်သရေ
ထိန်ဝေလို့ တောက်တဲ့ပြင်
လမ်းတစ်လျှောက်မှာလ
ဆန်းသလောက်
မလင်းနိုင်ဘု
ပန်းပိတောက်မင်း။

ဦးကြော့ရဲ့ ပိတောက်ပန်း ဖြစ်ပါတယ်။ လှပပြီး ပန်းပွင့်ရဲ့ သင်္ချိုရ လောကရဲ့ သင်္ချိုရသဘောကို ဖော်ပြတဲ့ သရုပ်ပြ ကဗျာကလေး

mgyoe.com

SAMPLE BOOK

တစ်ပုဒ်ပါပဲ။

ဇော်ဂျီရဲ့ ပိတောက်ပန်းကတော့ ရသ သဘောတင် မကတော့ဘူး။ ဒဿနပါလာတယ်။ ကျေးဇူးပြုပြီး နားထောင်ကြည့်စေချင်ပါတယ်။

*မရူးချင်စမ်းပါနဲ့*
*နှစ်ဆန်းခါတော်မီမို့*
*ဇမ္ဗော်ရည် ပြေပြေလိမ်းကာပေါ့*
*ခပ်သိမ်းနယ်စုံစုံသို့*
*ပွင့်ငုံကို*
*လင့်ကုန်ကြတော့လို့*
*ခေါင်းကြွကာ ဆာဝေဝေနဲ့*
*သူလည်းလေ*
*လောကီသားလိုပေါ့*
*ကြွားချင်လှပေလိမ့်မယ်။*

ပထမပိုဒ်ပါ။ ဒီအပိုဒ်မှာပဲ ဇော်ဂျီရဲ့ စိတ်ရင်း၊ ဇော်ဂျီရဲ့ စိတ်ဓာတ်ကို ကျွန်တော် မြင်လိုက်ရပါပြီ။ အဲဒီစိတ်ရင်း၊ အဲဒီစိတ်ဓာတ်ကတော့ နားလည် ခွင့်လွှတ်ခြင်းပါပဲ။ ခွင့်လွှတ်ခြင်းဟာ ဇော်ဂျီ့ စိတ်ဓာတ်ဖြစ်ပါတယ်။ ပိတောက်တွေ ပွင့်တော့မယ်တဲ့။ တစ်လောကလုံး ရွှေရည် ဖုံးတော့မယ်။ ကြည့်လေရာရာမှာ ပိတောက်ငုံ ပိတောက်ဖူးတွေက သူတို့ လာတော့မယ်၊ စောင့်ကြ၊မျှော်ကြလို့ ကျေညာနေတဲ့ပုံမျိုး၊ ခေါင်းမော့ပြီး ဝေဝေဆာဆာနဲ့ ကြွားဝါနေကြလေရဲ့။ အော် ကြွားချင်လည်း ကြွားပါစေ၊ သူလည်း လောကီသားလို ကြွားချင်မှာပေါ့လို့ ဇော်ဂျီက နားလည် ခွင့်လွှတ်ထားပါတယ်။ ဒီတော့ ပိတောက်ပန်းကဗျာရဲ့

mgyoe.com

mgyoe.com


ပထမအပိုဒ်ဟာ နားလည် ခွင့်လွှတ်ခြင်းကို ပြတဲ့ အပိုဒ်ဖြစ်ပါတယ်။

*တသိန်းတင့်ပါဘိ*
*တိမ်မြင့်ရှိပြာပြာက*
*ကြည်သာသာ*
*ပင့်လေအဖြူးတွင်ဖြင့်*
*တီတာတာ ပွင့်ရွှေဖူးငယ်တို့*
*လည်ယှက်ကာ ဘယ်ညာ*
*လူးလေတော့*
*သူတို့လို ဘယ်သူမြူးနိုင်ပ့ါ*
*ထူးပါဘိတယ်။*

ကြည့်စမ်းပါတဲ့။ ဘယ်လောက် ကျက်သရေရှိသလဲ။ ပြာနီ တိမ်တိုက်တွေ ကြားထဲက လေပြည်လေး သုတ်လိုက်တဲ့အခါမှာ ပိတောက်ဖူး၊ ပိတောက်ခိုင်တွေက ဟိုဘက်ယိမ်းလိုက်၊ သည်ဘက်ယိမ်း လိုက်နဲ့ ငှက်တွေ လည်ချင်းယှက်နေကြသလိုပဲတဲ့။ မြူးနေလိုက်ကြတာ။ ဘယ်လောက်များ မြူးနေလိုက်ကြသလဲ။ ဘယ်လောက်များ ပျော်နေ လိုက်ကြသလဲ။ ဘယ်လောက်များ ရွှင်နေလိုက်သလဲ။ သူတို့လို ဘယ်သူ တွေ မြူးနိုင်သလဲ။ သူတို့လို ဘယ်သူတွေ ပျော်နိုင်သလဲ။

ဇော်ဂျီဟာ မြူးနေတဲ့ ပိတောက်ပန်းတွေကို မြင်တယ်။ ပျော်နေတဲ့ ပိတောက်ပန်းတွေကိုမြင်တယ်။ ဒီ ပိတောက်ပန်းတွေနဲ့အတူ သူ့စိတ်ဟာ မြူးနေတယ်။ ပျော်နေတယ်။ ပိတောက်တွေ မြူးတာကို ကြည့်ပြီး မုဒိတာပွားနေတယ်။ သူတစ်ပါး ပျော်တာ၊ သူတစ်ပါး မြူးတာ၊ သူတစ်ပါး ချမ်းသာတာကိုကြည့်ပြီး မျှဝေခံစားတာဟာ မုဒိတာ ဖြစ်ပါ တယ်။ ဒါကြောင့် ပိတောက်ပန်းကဗျာရဲ့ ဒုတိယအပိုဒ်ဟာ ဇော်ဂျီရဲ့ မုဒိတာ စိတ်ကို ပြနေပါတယ်။ ဒီမုဒိတာစိတ်ဟာလည်း ဇော်ဂျီ့စိတ်ရင်း၊

mgyoe.com

SAMPLE BOOK

ဇော်ဂျီ့စိတ်ဓာတ်ဖြစ်ပါတယ်။

တတိယအပိုဒ်ကတော့ ဇော်ဂျီရဲ့ အကောင်းမြင်ဝါဒကို ဖော်ပြနေတဲ့ အပိုဒ်လို့ ဆိုချင်ပါတယ်။ ဘယ်လိုများ အကောင်းမြင်သလဲ။

*တဝါဝါ ဆင်သက်န်းရယ်က*
*ကမ္ဘာမှာ ဘဝင်ချမ်းစေတဲ့*
*သာသနာ ရှင်ရှင်လန်းအောင်လို့*
*တမင်မှန်းကာပ ့ါ သတိဆွယ်*
*ရည်ရွယ်တော့သလား။*

ပိတောက်ပန်းတွေ ဒီလောက် ဝါဝင်းထိန်ဝေနေတာဟာ ဘာကို ရည်ရွယ်တာလဲ။ ဘာကြောင့်လဲလို့ ဇော်ဂျီက သူ့ကိုယ်သူ ပြန်မေးပါတယ်။ ကမ္ဘာကြီး ငြိမ်းချမ်းအောင်၊ ဗုဒ္ဓသာသနာ ရှင်လန်းအောင်၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ စတဲ့ သာသနာသုံးရပ်ကို ကိုးကွယ်ဆည်းကပ်နိုင်အောင် လူတွေကို သတိပေးလှုံ့ဆော်ချင်တဲ့အတွက် ပိတောက်ပန်းတွေဟာ ဒီလောက် ဝါဝင်းနေကြတာလား။ ဒီလောက် ထိန်ဝေနေကြတာလား။ လူတွေကို ကပ်သုံးပါး ကျော်လွှန်နိုင်အောင် အားထုတ်ကြလို့ သတိပေးတဲ့ အနေနဲ့ ဒီလို ရွှေရောင် တောက်နေတာများ ဖြစ်နေလေရော့သလားလို့ ဇော်ဂျီက သူ့ကိုယ်သူ ပြန်မေးနေပါတယ်။ ပိတောက်ရဲ့ အဝါရောင်ထဲမှာ သက်န်းကို မြင်လိုက်တဲ့ ဇော်ဂျီရဲ့ အမြင်ဟာ ငြိမ်းချမ်းမှုကို လိုလားတဲ့ ဇော်ဂျီရဲ့ အမြင်။ ဘာသာတရားကို ကိုင်းညွတ်တဲ့ ဇော်ဂျီရဲ့ အမြင်၊ အကောင်းအမွန်ကိုသာ ကြည့်တတ်တဲ့ ဇော်ဂျီရဲ့ အကောင်းမြင်ဝါဒကို ဖော်ပြနေပါတယ်။

*နူးပါနဲ့ကွယ်*
*ပွင့်ဖူးမှာ အဝါခြယ်၍*
*မာလာအလယ်မှာ နွဲ့ချင်တဲ့ နုလုံးရယ်ကြောင့်*

mgyoe.com

mgyoe.com
SAMPLE BOOK


*နှစ်ဆုံးကုန် အတာဝင်သို့*
*မာန်အင်ကို ဉာဏ်ဆင်*
*မွေးကာဖြင့်*
*အရေးအခါသာမှ*
*ခမျာမှာ*
*တစ်ဂုဏ်ဆန်းရတယ်*
*ပန်းပိတောက်များ။*

ဇော်ဂျီများ စာနာစိတ်၊ ကရုဏာစိတ်၊ သမ္မဇဥ်စိတ်တို့ကို ပြလိုက်တဲ့အပိုဒ်ပါပဲ။ ရွှေရောင်တွေ ခြယ်ထားတဲ့ ပိတောက်ပန်းဟာ နှစ်ဦးမှာ ပွင့်တဲ့တခြား ပန်းတွေလိုပဲ ပန်းပွဲတော်ကြီးထဲမှာ ပါချင်မှာပေါ့ တဲ့။ သွားပြီး မရှုးလိုက်ပါနဲ့တဲ့။ သူ့ခမျာမှာ နှစ်ကုန်ပြီး အတာကူးချိန် မှာ ပျော်ဖို့အတွက် တစ်နှစ်လုံးစောင့်ခဲ့ရတာပါတဲ့။ ခုလို အရေးအခွင့် ကြုံမှ သူ့ဂုဏ်ပုဒ်ကလေးကို သူ ထုတ်ပြရတာမို့ မြူးခွင့်၊ ပျော်ခွင့်၊ ဖူးခွင့်၊ ပွင့်ခွင့်၊ ဝင်းခွင့်၊ ဝါခွင့် ပေးလိုက်ပါလို့ ဇော်ဂျီက ကရုဏာစိတ်၊ စာနာ စိတ်၊ သမ္မဇဥ် စိတ်နဲ့ ပိတောက်ပန်းဘက်က ရှေ့နေလိုက်ပေးပါတယ်။ ဒါဟာ ဇော်ဂျီ စိတ်ရင်း၊ ဇော်ဂျီ့စိတ်ဓာတ်ပါပဲ။

ပိတောက်ပန်း ကဗျာဟာ ၁၉၂၈ ခုနှစ်က ရေးခဲ့တဲ့ကဗျာ ဖြစ်တဲ့ အတွက် ခုဆိုရင် နှစ်ပေါင်း ၇၀ ကျော်ရှိသွားပါပြီ။ အနှစ် ၇၀ ကြာသည့် တိုင် ပိတောက်ပန်းဟာ လန်းဆန်းနေတုန်းပါပဲ။ မွှေးပျံ့နေတုန်းပါပဲ။ ရွှေရောင်တောက်နေတုန်းပါပဲ။ ဒီကဗျာဟာ မြန်မာကဗျာသစ်မှာ ပထမ ဆုံး ပေါ်ပေါက်လာတဲ့ ကဗျာဖြစ်ပါတယ်။ အတွေးသစ် ကဗျာသစ်ကို ဖော်ပြလိုက်တဲ့ ပထမဆုံးသော ခေတ်သစ်ကဗျာ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်သစ်မြန်မာကဗျာဟာ ပိတောက်ပန်းက ဆင်းသက်လာတယ်လို့ ကျွန်တော် ပြောခြင်းပါ။

mgyoe.com

SAMPLE BOOK

ဖော်ဂျီရဲ့ ကဗျာတွေကို သူကိုယ်တိုင် အစုငယ်ကလေးတွေ ခွဲပစ်ခဲ့ပါတယ်။ အဲဒါတွေကတော့ ရှေ့ပြေးကဗျာ၊ ပိတောက်ရွှေဝါ၊ ကဗျာစု၊ ဗေဒါလမ်း ကဗျာစု၊ ညီသစ်ဆင်း ကဗျာစု၊ ပုဂံ ကဗျာစုတို့ ဖြစ်ပါတယ်။ ရှေ့ပြေး ကဗျာစုဟာ တေးထပ်၊ ရှစ်ဆယ်ပေါ် တေးထပ်၊ လေးဆစ်၊ စည်တော်သံ၊ ရတုပိုဒ်စုံ၊ တြိချိုးစာတောင့်လေးချိုး စတဲ့ ဂန္ထဝင်ကဗျာပုံသဏ္ဍာန်တွေဖြစ်ပြီး ၁၉၂၄ ခုနှစ်ကနေ ၁၉၂၈ ခုနှစ် အတွင်းစပ်တဲ့ ကဗျာတွေဖြစ်ပါတယ်။

ပိတောက်ရွှေဝါ ကဗျာစုကတော့ ကျွန်တော် စောစောက ပြောခဲ့တဲ့ ပိတောက်ပန်း ကဗျာကစပြီး အပုဒ်ပေါင်း ၈၀ လောက် ရှိပါတယ်။ ဒီကဗျာစုဟာ ခေတ်စမ်းခေတ်ကို အစပျိုးလိုက်တဲ့ ပိတောက်ပန်း ကဗျာစုတွေဖြစ်တဲ့အတွက် အကြောင်းအရာစုံ၊ ဘာသာရပ်အစုံ ပါပါတယ်။ အဖွဲ့ကလည်း လေးလုံးစပ်နဲ့ သံချိုကဗျာတွေ များပါတယ်။ ခေတ်စမ်းကို အဓိက ကိုယ်စားပြုနိုင်တဲ့ ကဗျာတွေပါပဲ။ ဒီကဗျာစုတွေထဲမှာ အင်္ဂလိပ် ရိုမန်တစ်ဝါဒရဲ့ဩဇာကို အများကြီး တွေ့ရပါတယ်။ ဗေဒါလမ်းကဗျာစုကတော့ ဖော်ဂျီရဲ့ ဒဿနကဗျာလို့ပဲ ကျွန်တော် ပြောချင်ပါတယ်။

ပုဂံကဗျာစုကတော့ ပုဂံနဲ့ ပတ်သက်တဲ့ အတွေးတွေပေါ့လေ။ ပုဂံဆိုတာ မြန်မာ့ကျက်သရေ၊ ဒီတော့ လွတ်လပ်ရေးကို တောင့်တမျှော်မှန်းတာတွေ၊ အတိတ်ကို ပြန်တူးဆွတာတွေ၊ ဇာတိမာန်ကို လှုံ့ဆော်တာတွေဟာ ပုဂံကဗျာရဲ့ စိတ်ရင်းပါ။

ညီသစ်ဆင်း ကဗျာများကတော့ နှောင်းမျိုးဆက်တွေကို ပေးခဲ့တဲ့ ကဗျာတွေ ဖြစ်ပါတယ်။ အဲဒီကဗျာတွေထဲမှာ ဖော်ဂျီက နှောင်းမျိုးဆက်တွေ သတိသမ္ပဇဉ်တရားကို လက်ကိုင်ထားဖို့၊ အတိတ်က မှားခဲ့တဲ့ အမှားမျိုးတွေကို ရှောင်ဖို့ သတိပေးပါတယ်။

mgyoe.com

mgyoe.com


အဲဒီ ကဗျာစုတွေအပြင် ကျွန်တော် ကိုယ်တိုင်ထပ်ပြီးခွဲချင်တဲ့ ကဗျာစု တစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ ဇော်ဂျီ ကဗျာစုပါ။ ကဗျာဆရာကြီး ဇော်ဂျီဟာ ဇော်ဂျီကို တော်တော်နှစ်သက်ပုံ ရပါတယ်။ ဇော်ဂျီရဲ့ မသေဆေးကို လိုက်ရှာတဲ့ ဖွဲလုံ့လကို နှစ်သက်တာလား၊ စေတစ်လုံး ပိုင်တဲ့ တန်ခိုးတေဇော်ကိုနှစ်သက်တာလား၊ ဒါမှမဟုတ် သူတစ်ပါး အကျိုးကို ဆောင်တတ်တဲ့ ဇော်ဂျီရဲ့ သဘာဝကိုပဲ နှစ်သက်တာလား။ အားလုံးကိုပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်။ ဒါကြောင့် ကဗျာဆရာကြီး ဇော်ဂျီဟာ ဇော်ဂျီဆိုတဲ့ ကလောင်အမည်ကို ယူခဲ့တာဖြစ်မယ်ထင်ပါ တယ်။

ဇော်ဂျီဟာ ဇော်ဂျီဆိုတဲ့ ကလောင်အမည်ကို ယူရုံတင်မကဘူး။ ဇော်ဂျီရဲ့ အကြောင်းကိုလည်း ကဗျာတစ်ပုဒ်မက ဖွဲ့ခဲ့ပါသေးတယ်။ ဒါကြောင့်မို့ကဗျာဆရာကြီး ဇော်ဂျီရဲ့ ကဗျာစုတွေထဲမှာ ဆိုခဲ့တဲ့ ကဗျာ စုတွေအပြင် ဇော်ဂျီ ကဗျာစုဆိုပြီး တစ်ခန်းတကဏ္ဍ ထည့်ချင်ပါသေး တယ်။ ကျွန်တော် တွေ့သလောက်ဆိုရင် ' ကဗျာဆရာကြီး ဇော်ဂျီရဲ့ ဇော်ဂျီကဗျာ လေးပုဒ်ရှိပါတယ်။ ပထမ ဇော်ဂျီကဗျာကို ၁၉၃၆ ခုနှစ်မှာ စပ်ပါတယ်။ သူ့ကဗျာဟာ ဇာတ်စင်ပေါ်က တောတောင်စုံမြိုင် ကားလိပ် ကြီးရဲ့ ရှေ့မှာ ဇော်ဂျီ ထွက်လာတဲ့ပုံကို မျက်စိထဲမှာ မြင်ယောင်လာပါ တယ်။ ဒါကြောင့် အဲဒီ ကဗျာဟာ ဇော်ဂျီ ထွက်ခန်းလို့ပဲ ကျွန်တော် ခေါ်ချင်ပါတယ်။ ဆရာကြီး ဇော်ဂျီက သူ့ကဗျာကို ' ဇော်ဂျီ' လို့ ရိုးရိုးပဲ. အမည်ပေးထားပါတယ်။ ဘယ်လို ဇော်ဂျီပါလဲ။

*ဖေဇော်ဂျီ*
*အနီဆင်သလို*
*ယဉ်လှပုံထူး။*
*အလို.... ရှုစမ်းပါ့*

mgyoe.com

SAMPLE BOOK

*မြိုင်တန်းမှာ*
*မာန်အကြိမ်းတွေနဲ့*
*ရှိန်းသတ်လို့ မြူး။*

တောတောင်စုံမြိုင်ထဲမှာ တောင်ဝှေးကို ထမ်းပြီး မြူးထူးနေတဲ့ ဇော်ဂျီ၊ ဆေးကြိတ်နေတဲ့ ဇော်ဂျီ၊ သူယောင်မယ်တွေနဲ့ ကခုန်နေတဲ့ ဇော်ဂျီ၊ ပြဒါးရှင်လုံးကို လိုက်ဖမ်းနေတဲ့ ဇော်ဂျီကို မျက်စိထဲမှာ မြင်ယောင်လာစေပါတယ်။ နားထဲမှာ ဇော်ဂျီဆိုင်းသံကို ကြားယောင်လာစေပါတယ်။

နောက် ဇော်ဂျီကဗျာ တစ်ပုဒ်ကတော့ ၁၉၃၆ ခု၊ ဧပြီလထဲမှာ ရေးတယ်လို့ ဇော်ဂျီကဗျာပေါင်းချုပ်မှာ ပါပါတယ်။ အဲဒီကဗျာကတော့ 'သည်အရေး' ဆိုတဲ့ ကဗျာပါ။

*ပြဒါးရှင်*
*ပေးချင်ငဲ့ ခုအရေး*
*ဇော်ဂျီမောင် ငါမစစ်လို့*
*စိတ်ညစ်တယ်လေး။*

ရုတ်တရက် ဖတ်လိုက်တော့ ဒီကဗျာကလေးက လွယ်လွယ် ရှင်းရှင်း ကလေးပါ။ ဘာမှ နားမလည်စရာ မရှိပါဘူး။ ဇော်ဂျီက ပြဒါး ရှင်လုံးကို ပေးချင်တယ်။ ဒါပေမဲ့ သူကိုယ်တိုင်က ဇော်ဂျီအစစ် မဟုတ် လို့ မပေးနိုင်တဲ့အတွက် စိတ်ညစ်နေတယ်လို့ လွယ်လွယ်ပဲ ရေးထား ပါတယ်။ ဒါပေမဲ့ ခက်နေတာ၊ နားမလည်နိုင် ဖြစ်နေတာက 'သည်အ ရေး' ဆိုတဲ့ ခေါင်းစဉ်နဲ့ ကဗျာထဲမှာ ပါတဲ့ 'ပေးချင်ငဲ့ ခုအရေး' ဆိုတဲ့ စကားလုံးတွေ ဖြစ်ပါတယ်။ တစ်ခါမှာ ဇော်ဂျီနဲ့ဆုံတော့ ကျွန်တော်က အဓိပ္ပာယ်ကို မေးပါတယ်။ ခေါင်းစဉ်မှာပါတဲ့ 'သည်အရေး' ဆိုတဲ့ စကားနဲ့ ကဗျာထဲက ခုအရေးဆိုတာ ဘာကိုပြောတာလဲ ဆရာပေါ့။ ကျွန်တော်က မေးကြည့်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

ဒီတော့မှ ဆရာက အဲဒီကဗျာလေးရဲ့ ဇာတ်ပြွတ်ကို ရှင်းပြပါတယ်။ အဲဒီ ကဗျာကလေးက ၁၉၃၆ ခုနှစ်မှာ စပ်တာပါ။ အဲဒီတုန်းက ၁၉၃၆ ခု၊ တက္ကသိုလ် ဒုတိယသပိတ်ကြီး မှောက်နေပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေက ရွှေတိဂုံ ဘုရားပေါ်မှာ သပိတ်စခန်း ဖွင့်နေကြတယ်။ ကျောင်းသူတွေက မော်လမြိုင်ဇရပ်မှာ စခန်းချကြတယ်။ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်က အဲဒီတုန်းက တက္ကသိုလ်မှာ ဆရာတွေ ဖြစ်နေကြပြီး သူတို့က ကျောင်းသား မဟုတ်တော့ဘူး။ သပိတ်ထဲမှာ မပါဘူး။ အစိုးရ ဝန်ထမ်းတွေ။ တစ်ညတော့ ဆရာနှစ်ဦးက မော်လမြိုင်ဇရပ်မှာ စခန်းချနေတဲ့ တပည့် သပိတ်မှောက် ကျောင်းသူတွေဆီကို သွားလည်ကြတယ်။ အားပေးထောက်ခံတဲ့ သဘောလည်းပါတာပေါ့။ ဒီမှာ သပိတ်မှောက် ကျောင်းသူတွေက အော်တို အရေးခိုင်းကြတယ်။ စောစောက ပြောခဲ့တဲ့ ကဗျာကလေးက မအမာဆိုတဲ့ သပိတ်မှောက် ကျောင်းသူ တစ်ယောက်ရဲ့ အော်တိုစာအုပ်ထဲမှာ ရေးပေးခဲ့တဲ့ ကဗျာကလေး။ 'သည်အရေး' ဆိုတာ တက္ကသိုလ်သပိတ်မှောက် ကျောင်းသူ၊ ကျောင်းသားတွေရဲ့ အရေးကို ပြောတာ။ သူ့မှာ ပြဒါးရှင်လုံးသာရှိခဲ့ရင် သူတို့ တောင်းဆိုတဲ့ အရေးကို ပေးလိုက်ချင်တယ်တဲ့။ ဒါပေမဲ့ သူက ဇော်ဂျီ အစစ် မဟုတ်တော့ သူတို့ တောင်းဆိုထားတဲ့ အရေးကို မပေးနိုင်လို့ စိတ်ညစ်ရတယ်တဲ့။

တော်တော်အရေးကြီးတဲ့ ကဗျာကလေးပါ။ ကြည့်တော့သာ ဘာမှ မဟုတ်ပေမဲ့ နောက်ခံသမိုင်းနဲ့ ဆက်စပ်ပြီး ကြည့်လိုက်တဲ့ အခါမှာ ဒီကဗျာဟာ ဇော်ဂျီရဲ့ သမိုင်းအမြင်ကို အကဲဖြတ်ရာမှာ ဇော်ဂျီရဲ့ စာကို အကဲဖြတ်ရာမှာ တော်တော် အရေးကြီးပါတယ်။ အကြောင်းကိစ္စ တစ်ခုခုကို ခြေခြမြစ်မြစ် သိချင်ရင် သမိုင်းနဲ့ ကင်းကွာပြီး ကြည့်လို့ မရပါဘူး။ သမိုင်းနောက်ခံနဲ့ အမြဲ ဆက်စပ်ကြည့်မှသာ အမှန်ကို သိနိုင်

mgyoe.com

m.gyone.com SAMPLE BOOK


ပါတယ်။

အဲဒီကဗျာကလေးကို ရေးပေးခဲ့ရာ အော်တို စာအုပ်ပိုင်ရှင် သပိတ်မှောက် ကျောင်းသူ မအမာဆိုတာ လူထုဒေါ်အမာပါ။ ကျွန်တော်က အဲဒီကဗျာကလေးအကြောင်းကို ဆောင်းပါးတစ်စောင် ရေးလိုက်ပါတယ်။ အဲဒီနောက် မန္တလေးကို ရောက်သွားတော့ ကျွန်တော့် ဆောင်းပါးကို ဖတ်ပြီးသား ဖြစ်နေတဲ့ ဒေါ်အမာက ကျွန်တော့် ဆောင်းပါးထဲမှာ ပါတဲ့ ကဗျာရေးတဲ့ နေ့စွဲကို ပြင်ပေးပါတယ်။ ကျွန်တော့်ဆောင်းပါးထဲမှာ 'သည်အရေး' ကဗျာကို ဇော်ဂျီရေးတဲ့ နေ့စွဲကို ၁၉၃၆၊ ဧပြီလလို့ ရေးထားပါတယ်။ ဒါက ကဗျာပေါင်းချုပ်ထဲမှာပါတဲ့ နေ့စွဲကို ရေးထားတာပါ။ ဒေါ်အမာက ဒီနေ့စွဲဟာ မှားနေတယ်တဲ့။ ဒီကဗျာကို ရေးတဲ့ ရက်စွဲဟာ ၁၉၃၆ ခု၊ မတ်လတဲ့။ သူ့ အော်တိုထဲမှာ ရေးခဲ့တာဆိုပြီး အဲဒီတုန်းက ရေးခဲ့တဲ့ အော်တိုစာအုပ် အဟောင်းကလေးကို သိမ်းထားရာက ထုတ်ပြပါတယ်။ ဟောင်းနွမ်းဝါကြင်နေတဲ့ စာရွက်ပေါ်မှာ ဖျော့တော့ မှေးမှိန်စပြုနေတဲ့ ဇော်ဂျီရဲ့ လက်ရေးနဲ့ ကဗျာလေးကို ကျွန်တော် တွေ့ရပါတယ်။

နောက် ဇော်ဂျီကဗျာ တစ်ပုဒ်ကတော့ 'ဇော်ဂျီနဲ့ ရှိန်းဆာယာ' လို့ ခေါင်းစဉ်တပ်တဲ့ ကဗျာဖြစ်ပြီး ၁၉၈၄ ခုနှစ်၊ ဆရာမင်းသုဝဏ်ရဲ့ ကန်တော့ပွဲမှာ ဝေတဲ့ကဗျာလေး ဖြစ်ပါတယ်။

*ရုပ်သေးစင်ပေါ်*
*ဇော်ဂျီနဲ့ တောင်ဝှေး*
*အခုန်အပျံနှင့်*
*သူ့ဟန်ကို သည်ဖေကြည့်*
*မောမိတယ်လေး။*

ဇာတ်စင်ပေါ်မှာ ဇော်ဂျီ ထွက်လာတယ်။ သူ တစ်ဦးတည်းရယ်။ ဘယ်သူမှ မရှိဘူး။ ခုန်လိုက်ပျံလိုက်။ ဆေးတောင်ဝှေးကို ကိုင်ပြီး ငါ့လိုလူ

m.gyone.com

mgyoe.com
SAMPLE BOOK


ဇမ္ဗူမှာ ရှိသေးရဲ့လားဆိုတဲ့ဟန်မျိုးနဲ့ ဝင့်ကြွားနေတဲ့ ဇော်ဂျီရဲ့ပုံကို မြင်လာတယ်။ ရှိန်းဆာယာ ပြီးသွားလို့ ကိုယ်ပျောက်နိုင်ပြီလေ။ စေတစ်လုံး ရပြီလေ။ ဖန်ဆင်းသမ္မ ဖြစ်နေပြီလေ။ နုနယ်ပျိုမျစ်ခြင်းကို လိုချင်သလား။ ရတယ်။ သူယောင်မယ်လို လိုချင်သလား၊ ရတယ်။ သံတို့၊ ရွှေတို့၊ ပြဒါးတို့ လိုချင်သလား၊ ရတယ်။ ဟာရိုးရော်ဘင်ရေးတဲ့ ဓာနာဒူးဆိုတဲ့ မသေဆေးမျိုးကို လိုချင်သလား၊ရတယ်။ လောကမှာ မရတာဆိုလို့ ဘာမှမရှိ။ မဖြစ်တာဆိုလို့ ဘာမှမရှိ။ စေတစ်လုံး ပိုင်ပြီး၊ မော်နိုင်ပြီ။ ကြွားနိုင်ပြီ၊ ဝင့်ဝါနိုင်ပြီ။ လောကကြီးတစ်ခုလုံး ကိုယ့်လက်ထဲမှာ မှောက်လိုမှောက်၊ သွန်လိုသွန် လုပ်နိုင်ပြီ။ ကဲဘာလိုသေးသလဲ။ ဘာမှ မလိုတော့ဘူး။ ဒီမှာတင် ဇော်ဂျီဟာ ဓာတ်စင်ပေါ်မှာ တစ်ယောက်တည်း ခုန်ပျံနေတယ်။ ဘဝင်မြင့်နေတယ်။ မောက်မာနေတယ်။ မော်ကြွားနေတယ်။ သူ့ရဲ့ဟန်ကို ကဗျာဆရာက ကြည့်ပြီး မောနေတယ်တဲ့။

ကဗျာဆရာက ဓာတ်စင်ပေါ်က မောက်မာဝင့်ကြွားနေတဲ့ ဇော်ဂျီကို ကြည့်ရင်း မောရုံတင် မကဘူး။ စိုးလည်း စိုးရိမ်နေတယ်။ ကဗျာဆရာကတော့ သင်္ခါရသဘောကို နားလည်သူကိုး။ ဒီတော့ ဓာတ်စင်ပေါ်မှာ တစ်ဦးတည်း မောက်မာ ဝင့်ကြွားနေတဲ့ ဇော်ဂျီကို ကြည့်ပြီး မောရုံသာ မဟုတ်ဘူး။ သူ့အတွက်လည်း စိုးရိမ်မိပြန်တယ်။ ကဗျာဆရာ ဘာကို စိုးရိမ်ပါသလဲ။

*ရှိန်းဆာယာပိုမောက်*
*ကိုယ်ပျောက်သည့် တန်ခိုး။*
*ရှိန်းဆာယာ*
*သည်ဖေကြောက်*
*စိတ်ပျောက်မှာစိုး။*

ဇော်ဂျီဟာ ရှိန်းဆာယာ ပိုမောက်ပြီးကိုယ်ပျောက်တဲ့တန်ခိုးတွေ

mgyoe.com

SAMPLE BOOK

ရသွားပြီ၊ ခု ကိုယ်ထင်ပြချင်သလား၊ ရတယ်။ခုကိုယ်ပျောက်ချင်သလား၊ ရတယ်။ ခုသိုးငယ် ယောင်ဆောင်ချင်သလား၊ ရတယ်။ ခု ဝံပုလွေ ဖြစ်ချင် ယောင်ဆောင်ချင်သလား၊ ရသေးတယ်။ ရှိန်းပြီးသွားတော့ ကိုယ်ပျောက်နိုင်တယ်။ ကိုယ်ပျောက်တာလောက်ကတော့ ကဗျာဆရာ ဒီလောက် မစိုးရိမ်ပါဘူး။ ဒါပေမဲ့ စိတ်ပျောက်သွားမှာကိုတော့ စိုးရိမ်တယ်တဲ့။ စိတ်ပျောက်တယ် ဆိုတာ တန်ခိုးတေဇော်မာန်ယစ်ပြီး လူစိတ်ပျောက်သွားတာ။ ဗြဟ္မစိုရ်တရားကို ပွားများလိုစိတ်တွေ ပျောက်သွားတာ။ လူအချင်းချင်း မေတ္တာ၊ ကရုဏာထားတတ်တဲ့ စိတ်တွေ ပျောက်သွားတာကို ပြောတာပါ။ တန်ခိုးငွေ သိပ်ကြီးပြီး လူစိတ်ပျောက်သွားမှာကိုတော့ ကဗျာဆရာ စိုးရိမ်ပါတယ်တဲ့။

အမေရိကန် ကဗျာဆရာ ရောဘတ်ဖရော့စ်က ကဗျာဟာ ပီတိနဲ့ စပြီး ပညာနဲ့ ဆုံးတယ် (Poetry begins in delight and ends in wisdom)လို့ ပြောခဲ့ဖူးပါတယ်။ ကဗျာရေးသူအဖို့ရော၊ ကဗျာဖတ်သူအဖို့ရော ဒီအတိုင်းပါပဲ။ ကဗျာဆရာဟာ ခံစားချက်တစ်ခုကို ရလို့ ပီတိဖြစ်သွားတယ်။ ဒီတင် ကဗျာတစ်ပုဒ်ကို ကောက်စပ်လိုက်တယ်။ စရေးလိုက်တုန်းကတော့ ပီတိဖြစ်လို့ ရေးလိုက်တာပဲ။ ဒါပေမဲ့ ကဗျာ ဆုံးသွားတဲ့အခါမှာ ဉာဏ်အလင်းကို ရလိုက်တယ်။ သမ္မာဒိဋ္ဌိတရားကို ရလိုက်တယ်။ သမ္မာဒိဋ္ဌိတရားဆိုတာ အများအပြားကို သိတဲ့ ပညာကို ခေါ်တာပါ။

ဖတ်သူအဖို့မှာလည်း ဒီအတိုင်းပါပဲ။ ကဗျာတစ်ပုဒ်ကို ဖတ်လိုက်တယ်။ ကြည်နူးသွားတယ်။ ကျေနပ်သွားတယ်။ အားရသွားတယ်။ ဖတ်ရင်း ဖတ်ရင်းနဲ့ ဆုံးသွားတဲ့အခါမှာ အော်... ဒီလိုပါလားဆိုတဲ့ အသိတရားကို ရသွားတယ်။ ဉာဏ်အလင်းကို ရသွားတယ်။ ဇော်ဂျီရဲ့ ကဗျာတွေကို ဖတ်ကြည့်လိုက်ရင် ဒီအတိုင်းပဲ ခံစားရပါတယ်။ ပီတောက်

mgyoe.com
SAMPLE BOOK


ပန်း ကဗျာကို ဖတ်တုန်းကလည်း ဒီအတိုင်းပါပဲ။ ပိတောက်တွေ ပွင့်တာကိုမြင်တော့ ကြည်နူးတယ်။ ပျော်တယ်။ ကျေနပ်တယ်။ ဒါပေမဲ့ အဆုံးမှာ စောစောက ကျွန်တော် ပြောခဲ့တဲ့ ခွင့်လွှတ်တတ်မှု၊ မုဒိတာပွားတတ်မှု၊ အကောင်းမြင်တတ်မှု၊ စာနာမှု စတဲ့ အသိတွေကို ရလိုက်တယ်။ ဒါဟာ ကဗျာရဲ့ကိစ္စ ပြီးမြောက်တာပါပဲ။

စောစောက ပြောခဲ့တဲ့ ဇော်ဂျီကဗျာမှာ ကဗျာဆရာကြီး ဇော်ဂျီက ရှိန်းဆာယာက ပိုမောက်လို့ ကိုယ်ပျောက်တတ်တဲ့ အကြောင်း၊ ကိုယ်ပျောက်ရုံနဲ့ အကြောင်းမဟုတ်သေးလည်း စိတ်ပျောက်မှာကို စိုးရိမ်တဲ့အကြောင်း ပွဲကြည့်ပရိသတ်အနေနဲ့ သူရင်မောနေရပုံကို ပြောသွားပါတယ်။

ဒါတင်မကဘူး။ စိတ်ပျောက်သွားရင် ထင်ရာစိုင်းတတ်တဲ့အကြောင်း ရိုင်းပျတတ်တဲ့အကြောင်း၊ လောဘတွေ၊ မာနတွေ ကြီးလာတတ်တဲ့အကြောင်း၊ အဲဒီလို ဖြစ်လာရင် ဗိုလ်ကျချင်တတ်တဲ့အကြောင်းကို ပြောသွားပြီး အဲဒီစိတ်တွေ ပျောက်အောင် နည်းလမ်းတစ်ခုကို ပြောသွားပြီး အဲဒီနည်းနဲ့ စမ်းကြည့်စမ်းပါလို့ တိုက်တွန်းသွားပါတယ်။ အဲဒီအကြောင်းကို စမ်းကြည့်ဖို့ပဲဆိုတဲ့ ကဗျာကလေးနဲ့ ပြောထားပါတယ်။ ဒီကဗျာကလေးကလည်း ၁၉၈၅ ခု ဆရာမင်းသုဝဏ်ရဲ့ မွေးနေ့မှာဝေတဲ့ ကဗျာကလေး ဖြစ်ပါတယ်။ နားထောင်ကြည့်ပါ။

*ရှိန်းဆာယာပိုမောက်*
*ကိုယ်ပျောက်၍*
*စိတ်ပျောက်လျှင်*
*ဆာယာရှင် ထင်ရာစိုင်း*
*ရိုင်းပျအစဉ်။*
*လောဘနဲ့ မာနယှဉ်*

mgyoe.com

SAMPLE BOOK

*ဗိုလ်ကျချင်အမြဲ။*
*အနိစ္စာ ထိုအသိ*
*သတိခံ ခိုင်သလောက်ဖြင့်*
*ပျောက်စိတ်ကို*
*ရှာလျှင် မိပါလိမ့်*
*စမ်းကြည့်ဖို့ပဲ။*

ကဗျာဆရာကြီး ဇော်ဂျီက ရှိန်းဆာယာက ရလို့ ကိုယ်ပျောက်ပြီး စိတ်ပျောက်သွားတဲ့ ဇော်ဂျီကို ပျောက်စိတ်ကို လိုက်ရှာတဲ့နည်းကို ပေးပါတယ်။ သူ့နည်းကတော့ ဗုဒ္ဓဟောခဲ့တဲ့နည်းပါ။ ဖြစ်ပျက်တရားကို ရှုမှတ်ဖို့၊ အနိစ္စ တရားကို နှလုံးသွင်းဖို့ ဖြစ်ပါတယ်။ အဲဒီတရားကို ရှုမှတ် နှလုံးသွင်းရင်ဖြင့် ပျောက်စိတ်ကို ရှာဖို့တွေ့လိမ့်မယ်။ စမ်းကြည့်ပါလို့ ထင်ရာစိုင်းနေတဲ့ ဆာယာရှင်ကို တိုက်တွန်းထားပါတယ်။

ဇော်ဂျီရဲ့ ကဗျာဟာ တစ်လောကလုံးနဲ့ သက်ဆိုင်ပါတယ်။ လူတစ်ယောက်ရဲ့ ပုဂ္ဂလိက ခံစားမှုသက်သက် မဟုတ်ပါဘူး။ ကြည့်လိုက်ရင် ပုဂ္ဂလိကဆန်သလို ထင်ရပေမဲ့ ဒိဋ္ဌဓမ္မတရား ဖြစ်နေပါတယ်။ သီးခြား ဆန်သလို ထင်ရပေမဲ့ ယေဘုယျသဘောကို ဆောင်နေပါတယ်။ ဒီအစိတ် အပိုင်းကလေးတစ်ခုလို့ ထင်ရပေမဲ့ တစ်ခုလုံး ဖြစ်နေပါတယ်။ ဒီသဘောကို ဗေဒါလမ်းကဗျာတွေထဲမှာ အများကြီး တွေ့နိုင်ပါတယ်။ ဗေဒါလမ်းဟာ ဘဝကို ပြောတာ၊ လောကခံကို ပြောတာ၊ အတက်အကျကို ပြောတာ၊ အားမာန်ကို ပြောတာ စသဖြင့် ဋီကာဆရာတွေ အမျိုးမျိုး အနက်ဖွင့်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီ ဗေဒါလမ်း ကဗျာစုထဲက အပိုဒ် ၃၀ ဖြစ်တဲ့ 'ပန်းခဲ့သည်ပဲ' ဆိုတဲ့ ဗေဒါပန်း ကဗျာကလေးအကြောင်းကို ကျွန်တော် သိသလောက် နည်းနည်း ပြောချင်ပါတယ်။

၁၉၆၂ ခုနှစ် တစ်နေ့မှာ ဆရာအိမ်ကို ကျွန်တော် ရောက်သွား

mgoe.com

mgyoe.com SAMPLE BOOK


တယ်။ ဆရာက ကျွန်တော့်ကို ဆီးကြိုစည့်ခံပြီး မင့်ကို ကဗျာတစ်ပုဒ် ပြရဦးမယ်ဆိုပြီး ကဗျာတစ်ပုဒ်ကို ပြတယ်။ ငါ ဒီကဗျာကို စပ်နေတာ နှစ်ပတ်လောက်ရှိပြီကွ။ နောက်ဆုံး အပိုဒ်ကို စပ်လို့မရလို့ စဉ်းစားနေတာ။ ဒီနေ့တော့ စဉ်းစားလို့ရလို့ နောက်ဆုံးအပိုဒ်ကို စပ်လို့ ရသွားပြီလို့ ပြောပြီး ကျွန်တော့်ကို သူ့ကဗျာကို အဖတ်ခိုင်းပါတယ်။ ဆရာက အဲဒီလို ဆရာမျိုးပါ။ တပည့်တွေပေမဲ့ ဆရာဟာ တပည့်တွေအပေါ်မှာ အလွန် လိုက်လျော၊ အလွန်နားလည်ပြီး ရင်းရင်းနှီးနှီး ဆက်ဆံပါတယ်။ ကျွန်တော်နဲ့ ဆရာဇော်ဂျီ သိကျွမ်းခဲ့တာကိုက ဘီယာသောက်ရင်း သိကျွမ်းလာခဲ့ကြတာပါ။ ဒါကဆရာ့ကို မရိုသေလို့ ပြောတာ မဟုတ်ပါဘူး။ အမှန်ပါ။ စကားစပ်လို့ပြောရရင် ကျွန်တော် ရန်ကုန်တက္ကသိုလ်ကို ရောက်တဲ့ (၁၉၄၇–၄၈) ခုနှစ်မှာ ဆရာဟာ ပါမောက္ခကြီး ဖြစ်နေပါပြီ။ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်ဆိုတဲ့ ဆရာနှစ်ပါးကို ကျွန်တော် ခပ်ဝေးဝေးကပဲ မြင်ခဲ့ဖူးတာပါ။ ကျွန်တော့် အဖို့မှာတော့ အဝေးကနေပြီး လှမ်းလှမ်းကြည့်ရတဲ့ တောင်ထိပ်ဖျားတွေပါ။ ကျွန်တော့်လို ကောလိပ်ကျောင်းကို ရောက်ကာစ ပထမနှစ် ကျောင်းသားကလေးက ပါမောက္ခ အနားကို ဘယ်မှာ ကပ်ရဲပါ့မလဲ။ ဘယ်မှာ စကားပြောရဲပါ့မလဲ။ အဝေးကသာ လှမ်းမျှော်ကြည့်ရတာပေါ့။ တစ်နေ့တော့ ကျွန်တော်ရယ်၊ ကွယ်လွန်သူ စာရေးဆရာ မောင်ကြည်လင်ရယ် ဂရုပ်ရုံ (ယခု ထရိတ်ဒါးဟိုတယ် နေရာ)မှာ ပြနေတဲ့ ချာလီချက်ပလင်ရဲ့ကားကို သွားကြည့်တယ်။ ညနေ ၃ နာရီခွဲပွဲ၊ ရုံထဲက ထွက်လာတော့ ဆရာနှစ်ပါးနဲ့ ကျွန်တော်တို့ ပက်ပင်းတိုးနေတယ်။ ကျောင်းမှာ ခပ်လှမ်းလှမ်းက မြင်ဖူးနေတော့ ကျွန်တော်တို့ကလည်း နှုတ်ဆက်တယ်။ မောင်ကြည်လင်နဲ့တော့ သိကျွမ်းနေပါပြီ။ သူက ကျွန်တော့်ထက် အတန်းကြီးတဲ့ ကျောင်းသားကြီးဆိုတော့ ဆရာတို့ဆီကို ရောက်ဖူး ပေါက်ဖူးနေပါပြီ။ ကျွန်တော်တို့က နှုတ်ဆက်

mgyoe.com

mgyoe.com  SAMPLE BOOK

ပြီး ပြန်မယ်လုပ်တော့......

"မင်းတို့ကျောင်း ပြန်မှာလားလို့" မေးပါတယ်

"ဟုတ်ကဲ့" လို့ဖြေတော့

"ဒီလိုဆိုလာကွာ ထမင်းစားရအောင်၊ စားရင်း စကားပြောရအောင်" ဆိုပြီး ကျွန်တော်တို့နှစ်ယောက်ကို ဆူးလေဘုရားလမ်း အရှေ့ဘက်ခြမ်းမှာရှိတဲ့ ဝိုက်ဟော့စ် ရက်စတောရင့်ကို ခေါ်သွားတယ်။ ကျွန်တော်တို့ နှစ်ယောက်လည်း နောက်က လိုက်သွားပါတယ်။ ဟိုရောက်တော့ အခန်းကလေး တစ်ခန်းထဲဝင်ပြီး ထိုင်ရင်း ...

"မင်းတို့ ဘီယာကလေး ဘာလေး နည်းနည်း ပါးပါး သောက်တယ် မဟုတ်လား။ အမောပြေပေ့ါကွာ" ဆိုပြီး ဂျက်ဖရီ (သော့တံဆိပ် ဘီယာ)လေးလုံးမှာပြီး သောက်ပါတယ်။ အဲဒီမှာတင် ကျွန်တော် ဆရာ့ကို ပထမဆုံး စကားပြောဖူးတာပါ။ ဆရာက အဲဒီလို ရိုးသားနှိမ့်ချတဲ့ ပုဂ္ဂိုလ်မျိုးပါ။

ခုနက ဗေဒါလမ်းကဗျာ အပိုဒ်ရေ ၃၀ ကို ပြန်ဆက်ပါ့မယ်။ အဲဒီကဗျာက 'ပန်းခဲ့သည်ပဲ' လို့ဆိုတဲ့ ခေါင်းစဉ်တပ်ထားတဲ့ ကဗျာ ဖြစ်ပါတယ်။ နားထောင်ကြည့်ပါ။

*နေလုံးရယ်နီ*
*တိမ်ပန်းချီနေသွေးနဲ့*
*နတ်ရေးသည်သို့။*
*ဒီအကျပေမို့*
*အလှ လတာပြင်က၊*
*ကျူးရိုးရှင် လှေကလေးနဲ့*
*မျှော်ငေးလိုလို့။*
*သူ့ကိုယ်သူလျှင်၊*

mgyoe.com

mgyoe.com SAMPLE BOOK 

*ဘာထင်လေမသိ။*

*ဘယ်ပြောင်းညာပြန်နဲ့*

*ဟိုင်းပျံ လတာစွန်းမှာ၊*

*သူ့ကျွမ်းဟန်ချည့်။*

*သူ့ကိုယ်သူလျှင်၊*

*ဘာထင်လေမသိ။*

*ဘုတ်မ ခုနစ်သံနဲ့*

*တည်ည် လတာစွန်းမှာ၊*

*သူ့လွမ်းသံချည့်။*

ဆရာက သူ့ဒီကဗျာကို ဘယ်လိုခံစားပြီး ဘယ်လို စိတ်ကူးရတယ်ဆိုတာကို ပြောပြပါတယ်။

အဲဒီတုန်းက ကမ္ဘာမှာ ကာရစ်ဘီယံ အကျပ်အတည်းလို့ခေါ်တဲ့ ပြဿနာကြုံတွေ့နေချိန်ဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုက သူ့အနားမှာ ကျူးဘားဆိုရှယ်လစ် သမ္မတနိုင်ငံရယ်လို့ ပေါ်ပေါက်လာတဲ့အတွက်ကျူးဘားပြည်ပြေးတွေကို အားပေးပြီး ကျူးဘားကို ဝင်တိုက်ဖို့ အစီအစဉ်တွေကို ထောက်ခံနေပါတယ်။ ဒီတုန်းမှာ ဆိုဗီယက်ယူနီယံကလည်း ကျူးဘားဘက်က ထောက်ခံပြီး "ကျူးဘားကို မထိနဲ့ မီးပွင့်သွားမယ်' လို့ အော်ရင်း ကျူးဘားကို နျူးကလီးယား ဒုံးပျံတွေတင်တဲ့ သင်္ဘောတွေကို လွှတ်နေပါတယ်။ ကျူးဘားမှာ နျူးကလီးယား ထိပ်ဖူးတပ်တဲ့ ဒုံးပျံစခန်းတွေ ထားမယ်။ အဲဒီကနေပြီး အမေရိကန်ပြည်ထောင်စုကို တိုက်မယ်လို့ ခရူးရှော့က ဆိုနေတယ်။ သမ္မတ ကနေဒီကလည်း ကျူးဘားကို ဆိုဗီယက် နျူးကလီးယား အခြေခံစခန်း အလုပ်မခံနိုင်ဘူး။ " သင်္ဘောတွေ လာရဲလာကြည့်စမ်း။ ဟိုက်ဒရိုဂျင် ဗုံးကြဲပစ်မယ် " လို့ ဆိုနေတယ်။ ဒီလိုနဲ့ ဆိုဗီယက် သင်္ဘောတွေကလည်း လာနေပြီ။ အမေ

mgyoe.com

m g y o e . c o m  SAMPLE BOOK

ရိုကန်ကလည်း ရှေ့အတိုးမခံတော့ဘူး။ ပစ်တော့မယ်ဆိုပြီး သတိပေးနေပြီ၊ ဒီလိုနဲ့ ကမ္ဘာမှာ နျူးကလီးယား စစ်နှုတ်ခမ်းပေါ်ကို ရောက်နေတယ်။ နျူးကလီးယား စစ်ပွဲကြီး ဖြစ်တော့မလား၊ ဖြစ်တော့မလားနဲ့ ရင်တထိတ်ထိတ် ဖြစ်နေကြရတယ်။ ကမ္ဘာမှာရှိတဲ့ သိပ္ပံပညာရှင်တွေ၊ ဒဿနပညာရှင်တွေ၊ စာပေပညာရှင်တွေကလည်း နှစ်ဖက်စလုံးကို ဝိုင်းပြီး မေတ္တာရပ်ခံနေကြတယ်။ နှစ်ဖက်စလုံးက ဒေါသတကြီး ဖြစ်နေကြတယ်။ မကြာခင်ကလေးတုန်းကပဲ ဆိုဗီယက်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ခရုးရှော့က ကုလသမဂ္ဂ အထွေထွေညီလာခံကို တက်ပြီး အမေရိကန်ကိုယ်စားလှယ် စကားပြောနေတုန်းမှာ ရှူးဖိနပ်ကို ချွတ်ပြီး စားပွဲခုံကို ဖိနပ်နဲ့ခေါက်ပြီး ကန့်ကွက်နေခဲ့သေးတယ်။ ကမ္ဘာကြီးဟာ အဲဒီလို ဒေါသတွေ၊ လောဘတွေ၊ မာနတွေ ဖုံးနေတယ်။ ဒါကိုကြည့်ပြီး ကမ္ဘာ့လူထုဟာ စိတ်မချမ်းမသာ ဖြစ်နေကြရတယ်။ စိုးရိမ်ကြောင့်ကြဖြစ်နေကြရတယ်။ မနက်လင်းလို့ သတင်းစာကို လှန်ဖတ်လိုက်ရင် ဟိန်းဟောက်သံတွေ၊ ကြိမ်းဝါးသံတွေ၊ ခြိမ်းခြောက်သံတွေ၊ မောက်မာသံတွေ၊ မြူဆွယ်သံတွေ၊ ဝင့်ဝါသံတွေကို ကြားနေရတယ်။ တစ်ဖက်က ကြိမ်းလိုက် မောင်းလိုက်၊ တစ်ဖက်က ခြိမ်းလိုက် ခြောက်လိုက်နဲ့ ကမ္ဘာကြီးမှာ သူတို့ချည်းပဲ ရှိတော့တဲ့အတိုင်း ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အာဏာမာန် ယစ်နေကြတယ်။

ဒီမှာတင် ကဗျာဆရာက ကမ္ဘာ့ရှုခင်းကို မြစ်ဝကျွန်းပေါ်က ဒီဝင်ချောင်းကလေးထဲကို ပြောင်းပစ်လိုက်တယ်။ ဟန်ရေးပြနေတဲ့ အာဏာမာန် ယစ်သူတွေကို ငါးပျံအဖြစ် ပြောင်းပစ်လိုက်တယ်။ မြူဆွယ်လိမ်ညာနေတဲ့ အာဏာရှင်တွေကို ဘုတ်မအဖြစ် ပြောင်းပစ်လိုက်တယ်။ ယေဘုယျကို သီးခြား ဖြစ်အောင် လုပ်လိုက်တယ်။ တစ်ခုလုံးကို အစိတ်အပိုင်းဖြစ်အောင် လုပ်လိုက်တယ်။ သူတို့ကိုယ် သူတို့ ဘာများ ထင်နေ

m g y o e . c o m

mgyoe.com SAMPLE BOOK


ကြသလဲ မသိဘူး။ လတာပြင်အစပ်မှာ ငါးပျံက ကျွမ်းထိုးပြီး ဟန်ရေး ပြလို့၊ ဟိုတစ်ဖက် လတာစွန်းမှာ ဘုတ်မက ခုနှစ်သံချီဟစ်ပြီး မြည်လို့။ သူ့အသံချည်းပဲ။ သူတို့ကိုယ် သူတို့ ဘာများ ထင်နေကြသလဲ မသိဘူး လို့ အပြစ်ဆိုလိုက်တယ်။ ကမ္ဘာ့အရေးအခင်းကို ဒီလတာစွန်းက အရေး အခင်းအဖြစ် ပြောင်းပစ်လိုက်တယ်။ ငါးပျံနဲ့ ဘုတ်မကို အပြစ်ဆို လိုက်တယ်။ ဒါပေမဲ့ သူတို့ကို အပြစ်ဆိုတာတော့ ဟုတ်ပါပြီ။ သူတို့ကို သွားပြီး အပြစ်ဆိုရအောင် မင်းကကော ဘာလဲ။

ကဗျာဆရာဟာ ဒီနေရာမှာတင် ရပ်နေတယ်။ ဘာကို ဆက်စပ် ရမှန်းမသိဘူး။ ဒီလိုနဲ့ စဉ်းစားရင်း အဖြေပေါ်လာတယ်။ အဲဒီ အပိုဒ်ကို စပ်လိုက်တော့မှ ကဗျာဆရာက နေလို့ထိုင်လို့ ရသွားတော့တယ်။ ဒီတော့ မှ သူ့ကဗျာဟာ အဆုံးသတ်သွားတော့တယ်။ သူ အဆုံးသတ်ပုံကို ကြည့် ပါ။

*အို အချင်း ကျူရိုးရှင်*
*သူ့မူရာ သူ့အတင်း*
*မင်းဆိုခဲ့စဉ်*
*မင်းကိုယ်လည်း မင်းပင်လျှင်*
*ဘာထင်လို့လေလဲ*
*မဖေဒါ စုန်ဆန်လမ်းမှာ*
*ပန်းခဲ့သည်ပဲ။*

"အို... အချင်းကဗျာဆရာ မင်းက ငါးပျံနဲ့ ဘုတ်မကို အပြစ် ဆိုတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ အပြစ်ဆိုရအောင် မင်းကကော ဘာလဲ။ မင်းကိုယ်မင်း ဘာထင်လို့လဲ။ လက်စသတ်တော့ မင်းလည်း သူတို့လို လောဘတွေ ဒေါသတွေ၊ မောဟတွေ ရှိနေတာပဲ မဟုတ်လား။ မင်းလည်း မဖေဒါသွားတဲ့ စုန်ဆန်လမ်းမှာ တပေပေနဲ့ ကူးခတ်ပြီး နေရ

mgyoe.com

mgyoe.com SAMPLE BOOK

တာပဲ မဟုတ်လား ”လို့ သူ့ကိုယ်သူ ပြန်တရားချပြီး သမ္မဓော်တရားနဲ့ ထိန်းချုပ်ပြပါတယ်။ ကိုယ်ချင်းစာ နာစိတ်နဲ့ကြည့်ပါတယ်။ သူများကို အပြစ်ပြောမယ်ကြံတိုင်း သူ့ကိုယ်သူ ပြန်ကြည့်ပါတယ်။ ဒါဟာ ဇော်ဂျီ စိတ်ရင်း ဖြစ်ပါတယ်။ ဇော်ဂျီ့ စိတ်ဓာတ် ဖြစ်ပါတယ်။

ညီသစ်ဆင်း ကဗျာစုမှာလည်း ဇော်ဂျီဟာ မျိုးဆက်သစ်ကို ခေါင်းဆောင် အရည်အချင်းနဲ့ ပတ်သက်သို့ မကြာခဏ ပြောတာကို တွေ့ရပါတယ်။ ထင်ရှားတဲ့ ကဗျာနှစ်ပုဒ်ကိုပဲ ထုတ်နုတ်ပြချင်ပါတယ်။ တစ်ပုဒ်က “ ပြောလိုက်ပါဘိ ဟောပါဘိ ” ဆိုတဲ့ ကဗျာပါ။

*ငါ့ညီပြောင်းဝင်း*
*မောင်သစ်ဆင်း၊*
*မင်း၏ သားငယ်*
*နှစ်ဆယ်သက်စစ်*
*သူတို့ခေတ်၌*
*တိုင်းချစ် ပြည်ခင်*
*မြတ်စေချင်၏။*
*မင်းမြင်ငါကြား။*
*စကားဥဒါန်း*
*ဆန်း၏ သတ္တိ*
*ဆန်း၏ သမာဓိ*
*ဆန်း၏ ပညာ*
*ဆန်းမှာ ဆုံပေါင်း*
*ယောကျာ်းကောင်းတို့၊*
*ခေါင်းဆောင်သဘော*
*မင့်သားချောကို*

mgyoe.com

mgyoe.com
SAMPLE BOOK


*ပြောလိုက်ပါဘိ၊ ဟောပါဘိ။*

လာမယ့် မျိုးဆက်တွေနဲ့ ပတ်သက်တဲ့ ဇော်ဂျီရဲ့စေတနာကို မြင်နိုင်ပါတယ်။ ဒီစေတနာကို " သခင်အောင်ဆန်း တရား" ကဗျာမှာ တွေ့နိုင်ပါတယ်။

*ဆန်း၏ သတ္တိ*
*ဆန်း၏ သမာဓိ*
*ဆန်း၏ ပညာ*
*ဟောစရာကား၊*
*အလွန်များ၏၊*
*မင့်သားအရွယ်၊*
*သက်နှစ်ဆယ်တွင်*
*လူငယ်အောင်ဆန်း၊*
*သူ့အစွမ်းကို*
*ပန်းကောင်းတစ်ပွင့်၊*
*ပန်ဆင်တင့်သို့*
*မင့်သားသိစေချင်လှ၏။*

သခင်အောင်ဆန်းရဲ့ အနစ်နာခံစိတ်၊ သခင်အောင်ဆန်းရဲ့ ရိုးရိုး ကျင့်တဲ့အနေအထိုင် မြင့်မြင့်ကြံတဲ့ စိတ်ထားတို့ကို နောက်မျိုးဆက်တွေ အတုယူနိုင်အောင်ဖွဲ့ပြပါတယ်။ ဒါဟာ မျိုးဆက်သစ်နဲ့ ပတ်သက်လို့ ဇော်ဂျီရဲ့ စေတနာပါ။

ဇော်ဂျီရဲ့ ပုဂံကဗျာစုများဟာလည်း သမိုင်းနဲ့ပတ်သက်တဲ့ ဇော်ဂျီ ရဲ့အမြင်၊ အတိတ်နဲ့ ပတ်သက်တဲ့ ဇော်ဂျီရဲ့ သဘောထားတို့ကို ဖော်ပြ နေပါတယ်။

ဒီနေ့ ကျွန်တော်တို့ ဂုဏ်ပြုပြီး ရုပ်တုတစ်ခု ရည်ရွယ်စိုက်ထူ လိုက်တဲ့ ဇော်ဂျီရဲ့ အကြောင်းကို ကျွန်တော် တစ်ယောက်တည်း ပြောလို့

mgyoe.com

SAMPLE BOOK

လည်း ကုန်နိုင်မှာ မဟုတ်ပါဘူး။ ဇော်ဂျီကို ကဗျာဆရာတစ်ယောက် အနေနဲ့ ပြောလို့လည်း ပြည့်စုံမှာ မဟုတ်ပါဘူး။ အထက်မှာ ကျွန်တော် ပြောခဲ့သလို ဇော်ဂျီ အကြောင်းကို ပြောရတာဟာ ဆင်စမ်းတဲ့ ပုဏ္ဏားနဲ့ တူပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဇော်ဂျီမှာ အခြားသော မျက်နှာ စာတွေ၊ အခြားသော ဘဝတွေ ပြောစရာ များးစွာ ရှိနေလို့ပါပဲ။

ဇော်ဂျီဟာ ကဗျာဆရာကြီး တစ်ယောက်မျှသာမက ပြဇာတ် ဆရာလည်း ဖြစ်ပါတယ်။ သူ ရေးခဲ့တဲ့ ရွှေမောင်းသံ ပြဇာတ်၊ မဟာ ဆန်ချင်သူ ပြဇာတ်စသည်တို့ဟာ ကျွန်တော်တို့ မြန်မာပြဇာတ်၊ စာပေ တစ်ခုလုံးမှာ ပြောစမှတ်ပြုကျန်ရစ်ခဲ့တဲ့ ပြဇာတ်တွေ ဖြစ်ပါတယ်။

ဇော်ဂျီဟာ ပြဇာတ်ဆရာကြီးမျှသာမက ထူးချွန်ပြောင်မြောက်တဲ့ ဘာသာပြန် ဆရာကြီးလည်း ဖြစ်ပါတယ်။ သူ ဘာသာပြန်ခဲ့တဲ့ ဂျရက် မာဂရက်၊ ကမ္ဘာ့ဝတ္ထုတိုများ၊ ပလေတိုး နိဒါန်းတို့ဟာ စံပြုလောက် တဲ့ စကားပြေများ ဖြစ်ပါတယ်။

ဇော်ဂျီဟာ ဘာသာပြန်ဆရာကြီး တစ်ဦးမျှသာမက ဝတ္ထုရေး ဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့မယား၊ သော့တွဲနှင့် နတ်ရုပ်၊ အောင် ဘော်နှင့် လေးလုံး၊ ဖိုးမာဒင်၊ ကြင်မည့်သူ၊ ပုဂံဈေး စတဲ့ ခေတ်စမ်း ဝတ္ထုတိုများဟာ မြန်မာဝတ္ထုတိုလမ်းသစ်ကို ဖွင့်ပေးခဲ့တဲ့ ဝတ္ထုတွေ ဖြစ်ပါ တယ်။

ဇော်ဂျီဟာ ဝတ္ထုဆရာတစ်ဦးမျှသာမက ဋီကာဆရာတစ်ဦး လည်း ဖြစ်ပါတယ်။ ရသစာပေ နိဒါန်း၊ သခင်ကိုယ်တော်မှိုင်း ဋီကာစတဲ့ ဋီကာ အကျော်များဟာ ကျွန်တော်တို့ မြန်မာစာပေမှာ အစဉ်အမြဲ ထွန်းလင်း တောက်ပနေမယ့်ကျမ်းတွေ ဖြစ်ပါတယ်။

ဇော်ဂျီဟာ ဋီကာဆရာတစ်ဦးမျှသာမက စာပေသမိုင်းဆရာနဲ့ အနုပညာသမိုင်းဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ ဇော်ဂျီရဲ့ မြန်မာ

mgyee.com

mgyoe.com



ဝတ္ထုရှည် စာတမ်း၊ ရှေးက စာပေသစ်နဲ့ ပန်းချီအနုပညာနဲ့ ပတ်သက်တဲ့ စာတမ်းများစွာတို့ဟာ နှောင်းခေတ်စာပေသုတေသီတွေ၊ ပန်းချီအနုပညာ သုတေသီတွေ အတွက် အားထားရတဲ့ စာတမ်းတွေဖြစ်ပါတယ်။

ဇော်ဂျီဟာ စာပေသမိုင်းဆရာနဲ့ အနုပညာ သမိုင်းဆရာမျှသာ မက ရသစာတမ်း ဆရာလည်းဖြစ်ပါတယ်။ ဇော်ဂျီရဲ့ ရသစာတမ်းများ ဟာ ဇော်ဂျီ ဒဿန၊ ဇော်ဂျီ စိတ်ဓာတ်၊ ဇော်ဂျီ ခံစားမှုတို့ကို ပေါင်းချုပ် ဖော်ပြရာဖြစ်ပြီး အကြောင်းအရာရော ရေးဟန်မှာပါ ထူးခြားတဲ့ ကိုယ်ပိုင် ဖြစ်တဲ့ ရသစာတမ်းများ ဖြစ်ပါတယ်။ စာအုပ်စင်နဲ့ ကျွန်တော်၊ လက်ဖက် ရည်ကြမ်းဝိုင်းနဲ့ ကျွန်တော်၊ ပုဂံဘုရားနဲ့ ကျွန်တော် စတဲ့ ရသစာတမ်း များကိုကြည့်ရင် ဇော်ဂျီရဲ့ အမြင်သစ်၊ အတွေးသစ်ကို ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

ဇော်ဂျီဟာ ရသစာတမ်းဆရာ တစ်ဦးမျှသာမက အတ္ထုပ္ပတ္တိ ကျမ်းဆရာလည်း ဖြစ်ပါတယ်။ မော်ဘီဆရာသိန်း အတ္ထုပ္ပတ္တိ၊ ဦးဖိုးကျား အတ္ထုပ္ပတ္တိတို့ဟာ ထင်ရှားတဲ့ ပရကထာများ ဖြစ်ပါတယ်။

ဇော်ဂျီဟာ အတ္ထုပ္ပတ္တိဆရာ တစ်ဦးမျှသာမက စာပေနဲ့ အနု ပညာဝေဖန်ရေး ဆရာလည်း ဖြစ်ပါတယ်။ ဇော်ဂျီရဲ့ မြန်မာစာပေ၊ မြန်မာ ဝတ္ထု၊ မြန်မာကဗျာ၊ မြန်မာပန်းချီ၊ မြန်မာယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ များလှစွာသော စာတမ်းများနဲ့ နိုင်ငံရပ်ခြား ဝတ္ထုများကို ဝေဖန်သုံးသပ် ပြချက်များဟာ ထင်ရှားတဲ့ ဝေဖန်ရေး စာတမ်းများ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝေဖန်ရေး ဆရာများဟာ ဇော်ဂျီရဲ့ ဝေဖန်ရေး နည်းနာ ထဲကနေပြီး သင်ခန်းစာတွေ အများကြီး ထုတ်ယူနိုင်ပါတယ်။

ဇော်ဂျီဟာ ဝေဖန်ရေးဆရာ တစ်ဦးမျှသာမက လေးနက်တဲ့ ဒဿန ဆရာတစ်ဦးလည်းဖြစ်ပါတယ်။ ဇော်ဂျီ ဒဿနကို ဇော်ဂျီရဲ့ ဝတ္ထုတိုများ၊ ဆောင်းပါးများ၊ ကဗျာများထဲမှာ တွေ့နိုင်ပါတယ်။ ကောင်း

mgyoe.com

SAMPLE BOOK

ကင်ဟာ ကြယ်ပွင့်တွေနဲ့ ဝင်းလက်နေသလို ဇော်ဂျီရဲ့ စကားပြေနဲ့ ဝင်းလက် တောက်ပလို့ နေပါတယ်။

ဇော်ဂျီဟာ ဒဿနဆရာ တစ်ဦးမျှသာမက သုခမိန်ရဲ့ ရာမယဏ ဗေဒပါရဂူတစ်ဦးလည်း ဖြစ်ပါတယ်။ မြန်မာရာမဇာတ်ဟာ ယိုးဒယားမှ လာခြင်း မဟုတ်ဘဲ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ ယုံကြည်မှု၊ မြန်မာ့ အစဉ်အလာ၊ မြန်မာ့ဓလေ့ထုံးတမ်းနဲ့ ယှဉ်ပြီး မွေးဖွားလာတဲ့ ရာမယဏ ဖြစ်ကြောင်းကို သုတေသနလုပ်ပြီး တင်ပြခဲ့ပါတယ်။

ဇော်ဂျီဟာ သုခမိန် တစ်ဦးမျှသာမက ပညာအာစရိယ တစ်ဆူလည်း ဖြစ်ပါတယ်။ သူဟာ လူထုတွေကို စာဖတ်ချင်လာအောင် စာဖတ်တတ်လာအောင် လှုံ့ဆော်ခဲ့တဲ့ စာကြည့်တိုက်မှူး၊ တပည့်တွေကို တွေးတတ် မြင်တတ်အောင် သင်ကြားပေးခဲ့တဲ့ ကျောင်းဆရာ၊ ကလေးငယ်တွေကို မြန်မာ့စိတ်ရင်း သွတ်သွင်းပေးခဲ့တဲ့ ကျောင်းသုံးစာအုပ်ရွေးချယ်ရေးကော်မတီဝင် အမျိုးမျိုးသော စာပေအဖွဲ့များမှာ ပါဝင်ခဲ့တဲ့ သိမြင်နှံ့စပ်ပြီး ဖြောင့်မှန်တဲ့ အကဲဖြတ်လူကြီး စတဲ့ဂုဏ်တို့ ပါဝင်ခဲ့တဲ့ ပညာအာစရိ ဖြစ်ပါတယ်။

ဒါတွေဟာ ဆင်စမ်းပုဏ္ဏားရဲ့လက်နဲ့ စမ်းမိတဲ့ ဇော်ဂျီရဲ့ ရုပ်ပုံလွှာဖြစ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ဆင်စမ်းပုဏ္ဏားရဲ့ အမြင်ဟာ ကန့်သတ်ချက်တွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဇော်ဂျီရဲ့ စာပေရုပ်ပုံလွှာကို ရေးခြယ် ပြရာမှာ ကျွန်တော်ရဲ့ တင်ပြချက်ဟာ အလွန့်ကို သေးငယ် ကျဉ်းမြောင်းနေရင်၊ ဆင်စမ်းပုဏ္ဏားတစ်ယောက်က မမီမကမ်း၊ မမြင်မကမ်းနဲ့ စမ်းသပ်ပြနေတယ်လို့ သဘောထားပြီး နားလည် ခွင့်လွှတ်ကြစေချင်ပါတယ်။

မြန်မာ့ခေတ်သစ်ကဗျာဟာ ပိတောက်ပန်းက ဆင်းသက်လာတယ်လို့ ကျွန်တော် ပြောခဲ့ပါပြီ။ ပိတောက်ပန်းကဗျာဟာ ပီတိနဲ့ အစပြု

mgome.com

mgyoe.com
SAMPLE BOOK


ပြီး ပညာနဲ့ အဆုံးသတ်သွားတဲ့ ကဗျာတစ်ပုဒ် ဖြစ်ပါတယ်။ ဇော်ဂျီ့ စိတ်ရင်း၊ ဇော်ဂျီ့ စိတ်ဓာတ်ကို ဖော်ပြတဲ့ ကဗျာတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့် ဟောပြောချက်မှာ ပေးထားတဲ့ ခေါင်းစဉ်အတိုင်း ဇော်ဂျီကို ဂုဏ်ပြုသောအားဖြင့် ပိတောက်ပန်းကဗျာကို ရွတ်ရင်း ဒီဟောပြောချက်ကို နိဂုံးချုပ်ချင်ပါတယ်။

*ရွှေးပါနဲ့ကွယ်*
*ပွင့်ဖူးမှာ အဝါခြယ်၍*
*မာလာအလယ်မှာ*
*နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်*
*နှစ်ဆုံးကုန် အတာဝင်သို့*
*မာန်အင်ကို ဉာဏ်ဆင်မွေးကာဖြင့်*
*အရေးအခါသာမှ*
*ခမျာမှာ*
*တစ်ဂုဏ်ဆန်းရတယ်*
*ပန်းပိတောက်များ။*
*အားလုံးကို ကျေးဇူးတင်ပါတယ်။*

မှတ်ချက်။

*ဆရာဇော်ဂျီသည် အခြားသပိတ်မှောက်ကျောင်းသူ မခင်မြ (ဒေါက်တာ ဒေါ်ခင်မြ၊ ပညာရေးတက္ကသိုလ်)၏ အော်တိုစာအုပ်တွင်လည်း ကဗျာတိုတစ်ပုဒ် ရေးပေးခဲ့သည်။ ကဗျာနှင့် အကြောင်းအရာကို ရန်ကုန်တက္ကသိုလ် နှစ်ငါးဆယ်ပြည့် စာစောင်၊ ၁၉၇၀၊ အပိုင်း ၂၊ ၃၅၀-၃၅၉ တွင် ကြည့်ပါ။*

စာကြည့်တိုက်နှင့် သုတေသနမဂ္ဂဇင်း
(၁၉၉၇-၉၈)

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# တမာနုချိန်စစ်တမ်း

အညာသားဖြစ်၍လားမသိ။ ကျွန်တော်သည် နွေဆန်းလျှင် အညာကို လွမ်းတတ်လေသည်။ အညာကို အလွမ်းဆုံးအချိန်မှာ တပို့တွဲလဆန်းမှ တပို့တွဲလပြည့်ကျော်အထိ အချိန်ဖြစ်ပါသည်။ တပေါင်းဆိုလျှင် အညာရာသီဥတုသည် ပူလွန်းသည်။ ရှုခင်းက ခြောက်သွေ့လွန်းသည်။ တံလျှပ်တွေ စူးရဲလွန်းသည်။ တပို့တွဲလဆန်းမှာမူ သိပ်လည်းမပူ၊ သိပ်လည်းမချမ်း။ " ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း မပီတတ်သေး၊ ဝိုးဝါးထွေးလျက် " နေသော စပ်ကူးမပ်ကူး အချိန်ကလေး။ ထိုအချိန်သည် နွေနတ်သမီးက မြူဇာပဝါပါးကို နေလှန်းချိန်။ ကျေးငှက်ကိုယ်စားလှယ် အဆင့်ဆင့်တို့၏ နှစ်ပတ်လည် ကွန်ဖရင့်။ ဂီတမိခင်က ဥဩငှက်ကို ဒိုရေမီဖာစ၍ သင်ပေးခါစ။ ဆက်ရက်က ထန်းရည်မူးပြီး ပေါက်ပင်ပေါ်တွင် ကျူးကျော်တဲ ဆောက်နေဆဲ။ ထန်းဆော်လေက ထန်းပင်များကြားတွင် လျှောက်လည်ကာ လေချွန်သံကို လိုက်ရှာနေချိန်။ မြေပဲတောင့်က မြေပဲကောက် သူတို့၏ လက်ညိုညိုများကို ရှောင်

mgyoe.com

SAMPLE BOOK

တိမ်းကာ ယာခရိုးတွင် တူတူပုန်းလျက်။ ရက္ခဇေဒက ကလေးတို့ကို ဆီးသီးဝေချိန်။ သဇင်ကြွင်းက ဖန်ခွက်ထဲမှ နောက်ဆုံးနှင်းစက်ကို အငမ်းမရ မော့နေဆဲ။ ကျေးဖိုက ကျေးမ၏ မီးနေခန်းများတွင် တရစ်သီသီ၊ နှစ်ပတ်လည် လှေပြိုင်ပွဲဝင်မည့် ယောက်မက ထမနဲအိုးထဲတွင် လှော်တတ်လှေကျင့်ခန်း ဆင်းစ။ အင်ကြင်းနီ အပျိုပေါက်က နှုတ်ခမ်းဆိုးဆေးကို မဆိုးတတ် ဆိုးတတ် ဆိုးလျက်။ အပြင်ခန်းသို့ ထွက်သွားသောနေလှူပျိုသိုးသည် အတွင်းခန်းသို့ ဝင်ရန် အိကြွေတာခါးပန်းကို ကျော်နေဆဲ။ ကောင်မလေးများက ထရိုက်ဇာ ဆွယ်တာပါးပါးလှလှကလေးများကို ခေါက်သိမ်း၍ ပရုတ်လုံးထည့်လျက်။ ပတ်ကြားအက်နေသောအပျိုမကလေး၏ ပါးပြင်တွင် ဂလစ်ဆရင်းအလှဆီပြယ်ကာစ။ တစ်နှစ်လုံး အလေလိုက်နေသော မာဃကြယ်သည် အချစ်ဦးစန္ဒာဆီကို မျက်နှာငယ်ကလေးဖြင့် ပြန်ကပ်ချိန်။ ကောက်လှိုင်းစည်းက သူ့ စင်ပေါ်တတ်ခွေပြီး သူ့တလင်းကို လွမ်းလွမ်းဆွေးဆွေးကြည့်လျက်။ ကျောင်းပြေးက မှတ်စု စာအုပ်ငှားပြီး စိန္တိက ကထာ ၄၇ ကို ပုံဆွဲတုန်း။ ညားကာစဇနီးမောင်နှံက စိတ်ကောက်ပြီး သူတို့ခုတင်ပေါ်မှ ဆင်းသွားသော အချမ်းဓာတ်ကို အိပ်ခန်းထဲတွင် လိုက်ရှာနေစဉ်။ ပြက္ခဒိန်ဟောင်းက ဆော်တယ်ကုလား၏ ဂုန်အိတ်ထဲတွင် လိုက်သွားပြီး တစ်ရွက်လှန်ထားသော ပြက္ခဒိန်သစ်က နံရံပေါ်တွင် အပြုံးလဲ့လဲ့၊ မေမြို့မှ ဆင်းလာကာစ စထရော်ဘယ်ရီသီးက ထင်းရှူးသေတ္တာကြားထဲမှနေပြီး ရေခဲသေတ္တာထဲက နို့စိမ်းဘူးကိုစောင်းကြည့်နေဆဲ။ တမာပင်က ဝတ်လစ်စားလစ် ချွတ်ချလိုက်ပြီး မလုံ့တလုံရွက်နုကို ခြုံနေဆဲ။

ကျွန်တော်သည် တပို့တွဲအကုန် တပေါင်းအကူး အညာကို လွမ်းနေသည်။ နွေဆန်းလျှင် သည်လိုပင် အညာကို ကျွန်တော် လွမ်းတတ်ပါတယ်။ စိတ်ကုသမားတော်တို့က နွေလွမ်းဝေဒနာဟု ရောဂါ

mgyme.com

mgyoe.com SAMPLE BOOK


စစ်တမ်း ပေးလိမ့်မည်ထင်သည် အညာသားက အညာကို လွမ်းခြင်းဖြစ်သည့်အတွက် အိမ်လွမ်းဝေဒနာဟုလည်း ခေါ်နိုင်လိမ့်မည် ထင်ပါ၏။

ပြောခွင့်ရ ပုဂ္ဂိုလ်မဟုတ်သည့်အတွက် သူများတွေအတွက်တော့ ကျွန်တော် မပြောတတ်။ ကျွန်တော့်အဖို့မူ တမာနုချိန်သည် အညာနွေဦး၏ နိမိတ်ပုံ။ အညာနွေဦး၏ အလင်္ကာ။

တစ်နှစ်၌ ကျွန်တော်သည် နွေဦးပေါက်ကာစ တပို့တွဲလဆန်းတွင် အညာသို့ ပြန်ရောက်သွားသည်။ ချမ်းမြညနှင့် ပူအိုက်နေ့ကို တစ်လှည့်စီ ကြုံရသည်။ သို့ရာတွင် တပို့တွဲညများသည် ခိုက်ခိုက်တုန်အောင်လည်း မချမ်းတော့။ တပို့တွဲနေ့များသည်လည်း ပူလောင်လောင်မဖြစ်သေး။ နေလို့ကောင်းရုံ၊ လမ်းလျှောက်လို့ ကောင်းရုံ၊အိပ်လို့ ကောင်းရုံ၊ စားလို့ကောင်းရုံသာဖြစ်သည်။ ကျွန်တော်ရောက်နေစဉ် အမေသည် ကျွန်တော် ကြိုက်တတ်သော အညာဟင်းတစ်ခွက်ကို ချက်ကျွေးသည်။ အခြားမဟုတ်ပါ။ အမဲခြောက်ကို ခရမ်းချဉ်သီးနိုင်နိုင်၊ ရေတ်သီးနိုင်နိုင် ထည့်၍ ဆီးသီးဖြင့် ချက်သော စပ်ချဉ်ဟင်းဖြစ်ပါသည်။ အမေသည် ထိုဟင်းနှင့် လွန်စွာလိုက်ဖက်သော အတို့ တစ်မျိုးကိုလည်း ပြင်ဆင်ပါသည်။ ထိုအတို့မှာ တမာရွက်ဖြစ်ပါသည်။ တမာချဉ်ဟု ရန်ကုန်က ခေါ်သော ကုလားတမာရွက်ကြမ်းများကို မန်ကျည်းသီးဖြင့် ပြုတ်ထားသည့် အရာမျိုးမဟုတ်။ မြန်မာတမာ၊ တောတမာဟု ခေါ်ကြသော တမာရွက် နုနုကလေးများကို အခါးပေါ့အောင် ရေနွေးဖြင့် ဖျောထားသည့် တမာရွက်တို့ဖြစ်ပါသည်။

တမာတွေ ဘယ်နှစ်မျိုးရှိသည်ကို ကျွန်တော် မသိပါ။ ရေတမာ၊ ကုလားတမာ၊ တောင်တမာ၊ သဘော်တမာ၊ တောသမာ၊ မြန်မာတမာ စသည်ဖြင့် အမျိုးမျိုးခေါ်ကြပါသည်။ အညာတွင်မူ တမာရွက်တို့စားလျှင် မြန်မာတမာခေါ် တောတမာကိုသာ တို့စားတတ်ကြသည်။ အခြားတမာ

mgyoe.com

SAMPLE BOOK

များကိုမူ တို့စားခြင်းမရှိပါ။

ရန်ကုန်တွင်ဖြစ်စေ၊ အောက်အရပ်တွင်ဖြစ်စေ ကျွန်တော်ရောက်လေရာရာတွင် တမာပင်ကို လိုက်ရှာတတ်ပါသည်။ သို့ရာတွင် ဆယ်ပင်လျှင် တစ်ပင်မျှပင် တမာကို မတွေ့ရပါ။ တမာသည် အပူပိုင်းတွင်သာ ပေါက်သည့်အပင်ဖြစ်သောကြောင့် ရှားပါးနေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ အညာတွင်မူ တမာပင်ကို ရှောင်၍ မလွတ်ပါ။ ကျွန်တော်တို့ မြို့အဝင်တွင် အင်္ဂလိပ်လက်ထက် စိုက်ထားခဲ့သော တမာတန်းရှိပါသည်။ ပခုက္ကူသို့အထွက် ပေတစ်ရာလမ်း တစ်လျှောက်တွင် တမာပင်တွေကိုချည်းတန်းစီစိုက်ထားသည်။ တော်တော်နှင့် မဆုံးနိုင်။ နှစ်မိုင်သုံးမိုင်လောက်တော့ရှိမည်ထင်သည်။

ငယ်ငယ်တုန်းက ကျွန်တော်တို့ တစ်တွေ ကျောင်းပြေးလျှင်လည်း တမာတန်းကိုပြေးကြသည်။ တမာသီးတွေ လှိုင်လှိုင်ပေါသည့်ကဆုန်၊ နယုန်သို့ ရောက်လျှင် တမာပင်တွေပေါ်တတ်ပြီး တမာသီးတွေကို ရှူးကာ စစ်တိုက်တမ်း ကစားကြသည်။ တမာသီးကလည်း ပေါသလား မမေးနှင့်။ တစ်ပင် တစ်ပင်ကို တင်းပေါင်းဆယ်ရာချီ၍ ရသည်။ စက်မှုလုပ်ငန်းသာ ဖွံ့ဖြိုးလျှင် အညာက တမာပင်များသည် အလွန်အဖိုးတန်သော ဓာတုဗေဒ ကုန်ကြမ်းပစ္စည်းများဖြစ်လာပေလိမ့်မည်။

သင်္ကြန်ကျကာနီးသည်နှင့် တမာပန်းတွေ ပွင့်ကြလေပြီ။ တမာပန်းနံ့သည် နည်းနည်းတော့ရိုင်းသည်ဟု ကျွန်တော်ထင်သည်။ သို့ရာတွင် နံ့စော်သောပန်းဟူ၍ လောကတွင်မရှိ။ ထို့ကြောင့် တမာပန်းရနံ့သည်လည်း ရိုင်းသည့်တိုင်မွှေးမြဲတော့ မွှေးပါသည်။ အတာအိုးထိုးလျှင် အမေက တမာပန်းခူးခိုင်းလေ့ရှိသည်ကို ကျွန်တော် သတိရမိပါသည်။

ကျွန်တော်တို့မြို့က တမာတန်းဘေးတွင် ခံပင်၊ ခံစစ်ပင်တွေ

mgyoe.com

mgyoe.com
SAMPLE BOOK


ပေါက်နေသည့် တောင်ကုန်းကလေးတွေရှိသည်။ ထိုတောင်ကုန်းကလေးတွေပေါ်က ခံစပ်ချုံကလေးများတွင် ဇွေ့တို့၊ ဗွတ်ဖင်နီတို့၊ ဗွက်ကလုံတို့စသည့် ငှက်ကလေးတွေ နေတတ်ကြသည်။ ထိုငှက်ကလေးများသည် အပင်မြင့်ကြီးများတွင် အသိုက်မလုပ်ဘဲ ပင်နိမ့်ကလေးများတွင် အသိုက်လုပ်တတ်ကြပါသည်။ တမာတန်းက တမာပင်တွေမှာ စစ်တိုက်တမ်းကစားပြီးသည်နှင့် ကျွန်တော်တို့သည် ခံစပ်ကုန်းသို့သွား၍ ဗွတ်ဖင်နီကလေးများ ဗွတ်ကလုံကလေးများကိုဖမ်းတတ်ကြသည်။ ဗွတ်ကလုံနှင့် ဗွတ်ဖင်နီတို့ အုချိန်မှာလည်း တပို့တွဲလဖြစ်သည်။ ကျွန်တော်သည် တစ်ခါတွင် ဗွက်ကလုံတစ်ကောင်ကို မိလာခဲ့ပါသည်။ အသိုက်ထဲတွင် ဥအုနေစဉ် ဖမ်းလာခဲ့ခြင်း ဖြစ်ပါသည်။ ဗွတ်ကလုံသည် တေးဆိုသောငှက်မျိုးဖြစ်၍ အင်္ဂလိပ်တို့က Bulbul ဟု ခေါ်ကြပါသည်။ ကျွန်တော်ဖမ်း လာသည့် ဗွတ်ကလုံငှက်မကလေးမှာ အိမ်ရောက်၍ လှောင်အိမ်ထဲထည့်ထားလိုက်သောအခါတွင် တေးဆိုခြင်း မပြုတော့ပါ။ မကြာမီသေသွားပါသည်။ သစ်သီး ဝလံ စသည်တို့ကို ကျွေးသော်လည်းကောင်းစွာမစားတော့ပါ။ လွတ်လပ်မှုကို ဆုံးရှုံးပြီး သဘာဝမကျစွာနေရသဖြင့် စိတ်ညစ်ပြီး သေသွားဟန်တူပါသည်။

ကျွန်တော်တို့ မြို့အဝင်က တမာတန်းနှင့် ပတ်သက်၍ ကျွန်တော့်တွင် သတိရစရာတွေ ရှိပါသေးသည်။ မြိုင်က အဓိကရ ဘုရားပွဲကြီးတစ်ပွဲဖြစ်သည့် ရွှေမြင်တင် ဘုရားပွဲသည် ကဆုန်လဆန်း ၈ ရက်နေ့လောက်စပြီး ကဆုန်လပြည့် အထိ ကျင်းပတတ်သည်။ ရွှေမြင်တင် ဘုရားပွဲဈေးကြီးသည် ထိုတမာတန်းတွင်ပင် ခင်းကျင်းတတ်ရာ ကျွန်တော်တို့ တစ်သိုက်သည် တမာတန်းကို နေ့တိုင်းရောက်နေကြသည်။ ဘုရားပွဲဈေးမစခင်ကတည်းက တောကလာသည့် ဈေးသည်တွေပြည့်နေလေပြီ။ ထိုဈေးလှည်းများတွင် ထွန်တုံး၊ ခွတ်သန်း၊ ဝါး၊ ဖျာ၊

mgyoe.com

SAMPLE BOOK

မန်ကျည်း၊ ထန်းလျက်၊ ပဲ၊ ပြောင်းဆန်၊ ကြိမ် စသည့် လယ်ယာနှင့် သစ်တောထွက်ပစ္စည်းများပါလာတတ်သည်။ မြို့ကလာသည့် ဈေးလှည်းများမှာ အထည်အလိပ်၊ အလှကုန်ပစ္စည်း၊ အဖျော်ယမကာ၊ အိမ်တွင်းဖြစ် အလှအပ ပစ္စည်း၊ ငါးပိ၊ ငါးခြောက် စသည့် ကုန်ခြောက် ပစ္စည်းများ ပါလာတတ်သည်။ တောဘုရားပွဲသည် မြို့နှင့်တောတို့၏ ပေါင်းဆုံရာ နေရာတစ်ခုဖြစ်ပါသည်။ ကျေးလက်နှင့် မြို့ပြတို့ တွေ့ဆုံ စည်းဝေးပွဲ ဖြစ်ပါသည်။ စက်မှုလုပ်ငန်း အသေးစားနှင့် လယ်ယာတို့ ဈေးကွက်ပြိုင်ရာလည်း ဖြစ်သည်။

တမာတန်းကို လွမ်းစရာတွေ ကျန်သေးသည်။ ငယ်ငယ် ၇ နှစ်သားလောက်တုန်းက ကျွန်တော်သည် သူငယ်ချင်းတစ်ယောက်နှင့်အ တူ အိမ်မှ ထွက်ပြေးခဲ့ဖူးပါသည်။ အိမ်က ထွက်ပြေးခြင်းမှာ ဘာအ ကြောင်းမျှ မရှိပါ။ တမာတန်းသို့ သူငယ်ချင်းနှစ်ယောက် ငှက်ဥ သွား နှိုက်ကြရင်း မရည်ရွယ်ဘဲနှင့် ထွက်ပြေး ခြင်းဖြစ်ပါသည်။ ထိုနေ့က မိုးဖွဲကလေးတွေ ကျနေပါသည်။ တမာပန်းနံ့တွေကလည်း သင်းနေပါ သည်။ ကျွန်တော်သည် တမာတန်းကို အဆုံးအထိ မရောက်ဖူးသေးပါ။ သုံးလေးမိုင်ဝေးသဖြင့် မရောက်ဖူးသေးခြင်း ဖြစ်ပါသည်။ ဤတွင် ကျွန်တော်သည် တမာတန်းကို အဆုံးအထိ သွားကြည့်ချင်လာပါသည်။ တမာပန်းနံ့က ကျွန်တော့်ကို သွေးဆောင်ဖြားယောင်းနေသည်ဟု ဆိုနိုင် ပါသည်။ ကျွန်တော့်အထင်တွင် ပခုက္ကူရောက်သည်အထိ တမာပင်တွေ တန်းစီပေါက်လိမ့်မည်ဟု ထင်နေပါသည်။ ထိုတမာတန်းတစ်လျှောက် ကို ကျွန်တော် သွားကြည့်ချင်နေပါသည်။ ထို့ကြောင့်သူငယ်ချင်း နှစ်ယောက် တိုင်ပင်ပြီး တမာတန်းပေတစ်ရာအတိုင်း လျှောက်လာခဲ့ ကြပါသည်။ လမ်းတွင် ခွဖြင့် ငှက်ပစ်လိုက်၊ ရေအိုင်တွေ့လျှင် ဝင်ဆော့ လိုက်ဖြင့်။ သို့ရာတွင် လေးမိုင်လောက် လျှောက်မိသည့်အခါ တမာတန်း

mgype.com

mgyoe.com
SAMPLE BOOK


သည် ဆုံးသွားပါသည်။ ရှေ့တွင် တမာပင်တွေ မရှိတော့ပါ။ ဤတွင် ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် သည်လိုတမာတန်းများလမ်းတစ်လျှောက်တွင် ရှိရဦးမည်ဟုတွေးကာ တမာတန်းရှာပုံတော် ဆက်ထွက်ခဲ့ကြပါသည်။ ဆယ့်ငါးမိုင်လောက်ရောက်သည်အထိ တမာတန်းကို မတွေ့တော့ပါ။ ဤတွင် ကျွန်တော်တို့ ကြောက်လာပြီး အားငယ်လာကြပါသည်။ ထိုစဉ် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်မှ လှည်းနှစ်စီးပေါ်လာပြီး လှည်းပေါ်မှ လူကြီးတစ်ယောက် ဆင်းလာပါသည်။ ထိုလူကြီးမှာ ကျွန်တော်တို့ အိမ်နားနီးချင်း လက်ဖက်ကုန်သည် တစ်ယောက်ဖြစ်ပါသည်။ သူသည် ကျွန်တော်တို့၇ နှစ်အရွယ် ကလေး နှစ်ယောက်ကို လူသွားလူလာပြတ်သည့် ပေတစ်ရာကြီးပေါ်တွင် မြို့မှ ဆယ့်ငါးမိုင်ခရီးအကွာ၌ တွေ့ရသည့်အခါ အံ့အားသင့်နေပါသည်။ သူက အကျိုးအကြောင်းကို မေးသည့်အခါတွင် ကျွန်တော်တို့ ကောင်းကောင်း မဖြေနိုင်ပါ။ ဤတွင် သူရိပ်မိလိုက်ပါပြီ။ သူသည် လမ်းဘေး နဘူးချုံမှ ကြိမ်တစ်ချောင်းကို ချိုး၍ ကျွန်တော်တို့နှစ်ယောက်ကို တစ်ချက် စီရိုက်ပြီး လှည်းပေါ်သို့ အတက်ခိုင်းပါသည်။ သည်အရွယ်မှာ အိမ်ပြေး ရသလားဟုဆိုကာ တော်တော်လည်း စိတ်ဆိုးနေဟန်တူပါသည်။

ညနေပိုင်း အိမ်သို့ပြန်ရောက်သည့်အခါတွင် အိမ်က တစ်မြို့လုံးလိုက်ရှာပြီး မတွေ့သဖြင့် လူပျောက်မှုဖြင့် ဂတ်တိုင်ထားပါသည်။ လက်ဖက်ကုန်သည်က အိမ်သို့ သွားအပ်သည့်အခါတွင် အဖေသည် စိတ်ဆိုးလွန်းသဖြင့် ကျွန်တော့်ကို တိုင်တွင် ကြိုးတုပ်ပြီး ရိုက်ပါသည်။

ကျွန်တော်သည် နောင်ကြီးပြင်းလာသည့်အခါတွင် အိမ်မှ နှစ်ခါလောက် ထွက်ပြေးဖူးပါသေးသည်။ တမာတန်းက ပေါ်ခဲ့သော အိမ်ပြေးစိတ်သည် ကြီးသည်အထိ ပါလာသလား မဆိုနိုင်ပါ။

တမာတန်းနှင့် ပတ်သက်၍ နောက်တစ်ချက် ကျွန်တော် သတိရ

mgyoe.com

SAMPLE BOOK

စရာ ကျန်သေးသည်။ ယင်းမှာ ဂျပန်တော်လှန်ရေးအတွင်းက ဂျပန်တို့ အသတ်ခံသွားရသော ကျွန်တော်တို့ ဖက်ဆစ်တော်လှန်ရေး ရဲဘော် ကိုတင်ဦး၏ သင်္ချိုင်းရှိသောကြောင့် ဖြစ်ပါသည်။ ကိုတင်ဦးသည် မြို့နှင့် ဆယ်မိုင်ခန့်ဝေးသော ရွာတစ်ရွာတွင် ဂျပန်မိသွားပြီး ကိုယ့်ကျင်းကိုယ် တူးခိုင်းကာကျင်းဝတွင် ဒူးထောက်ခိုင်းပြီး ဓားဖြင့် ခုတ်သတ်လိုက်ပါ သည်။သူ့ အလောင်းကို ထိုရွာအနီးက ကျင်းထဲတွင် ဂျပန်ကမြှုပ်ပစ်ခဲ့ ပါသည်။

စစ်ကြီးပြီးသွား၍ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေ ဖွဲ့သောအခါ တွင် ကျွန်တော်တို့သည် ကိုတင်ဦး၏ အရိုးကိုသွား၍ဖော်ကာ မီးရှို့ပြီး တမာတန်းဘေးကခံစပ်ကုန်း တောင်ကမူကလေးပေါ်တွင် အုတ်ဂူ ကလေး တစ်ခု လုပ်ကြပါသည်။ ထိုစဉ်က မြို့ပိုင်နှင့် အင်္ဂလိပ်အလို တော်ရိ လူကြီးများက မြို့ထိပ်တွင် သင်္ချိုင်းဂူလုပ်ရမည်လောဟုဆိုကာ ကန့်ကွက်တားမြစ်ခဲ့ကြပါသည်။ သို့ရာတွင် ကျွန်တော်တို့လူငယ်များ သည် သူတို့တားမြစ်ချက်ကို ဖီဆန်ကာ ကိုတင်ဦး၏ အရိုးပြာများကို ထိုတောင်ကမူကလေးပေါ်တွင် ဂူသွင်းခဲ့ကြပါသည်။

*

တမာသည် အညာ၏ ပုံရိပ်၊ အညာ၏ နိမိတ်ပုံဖြစ်ပါသည်။

ရုက္ခဗေဒပညာရှင်တို့ကမူ ကျွန်တော်တို့ တွေ့နေရသော တမာ ကို တမာကြီးဟု ခေါ်ကြပါသည်။ ရုက္ခဗေဒအမည်မှာ Azadirachta Indica ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Margosa or Nim Tree ဖြစ်ပါသည်။

ပုံသဏ္ဌာန်မှာ ပင်စည်ဖြောင့်သော အမြဲစိမ်း သစ်မာပင် အမြင့် ဆုံး ပေ ၅၀ အထိရှိတတ်ပြီး အခေါက်က မွဲပြာရောင်။ ခပ်ကြမ်းကြမ်း။

အရွက်မှာ ငှက်မွေးရွက်ပေါင်းဖြစ်ပြီး ရွက်လှဲထွက်သည်။ အလျား ၁၅ လက်မအထိ ရှည်သည်။ ရွက်မြွှာများ မျက်နှာချင်းဆိုင်

mgage.com

mgyoe.com
SAMPLE BOOK


ထွက်သည်။ လုံ့စွပ်ပုံရှိ၍ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းသွယ်သည်။ ရွက်နားခွေးသွားစိတ်ရှိသည်။

အပွင့်ငယ်ပြီး ချိုမွှေးခါးသက်သော ရနံ့ရှိသည်။ ဖြူဝါဝါအရောင်ရှိ၍ တပေါင်းလမှ ကဆုန်လအထိ ပွင့်သည်။

အသီးရှည်မျောမျောဖြစ်ပြီး အစေ့တစ်စေ့သာ ပါသည်။ အစေ့အနီဖျော့ဖျော့ရောင်။ အသီးရောင်မှာ နုစဉ်စိမ်း၍ မှည့်လျှင်အဝါရောင် ကဆုန်၊ နယုန်တွင် သီးသည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသတွင် ပေါက်သည်။

အပွင့်၊ အစေး၊ အဆီ၊ အခေါက်၊ အရွက်၊ အသီး၊ အခက်၊အရိုးတို့အားလုံး အသုံးဝင်သည်။

မြန်မာ့ဆေးကျမ်းများအလိုအရ တမာသည် ခါးသက်သော အရသာရှိ၍ ကြေပျက်သောအခါ စပ်ဖျဉ်းဖျဉ်းအရသာရှိသည်။ အေးသည်။ လေ၊သည်းခြေ၊ သလိပ်တို့ကို ပယ်တတ်သည်။

အပွင့်ကိုရှူလျှင် အမူးအမော်ပြေစေသည်။ တမာဆေးကို အားဆေး၊ အမောပြေဆေး ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုရသည်။ အသီးဆီကို ယားယံသော အနာများ ပျောက်စေရန်အတွက်လည်းကောင်း၊ သန်ချဆေးအဖြစ်လည်းကောင်း အသုံးပြုရသည်။ တမာခေါက်ကို သွေး၍ ဆားနှင့်သောက်သော် အဖျားပျောက်သည်။ တမာအတွင်း ခေါက်ကို သွေးလိမ်းလျှင် အဆစ်အမြစ်ရောဂါပျောက်သည်။ အခေါက်ကို ရေနှင့် သုံးခွက်တစ်ခွက်တင်ပြုတ်၍ ငုံထွေးလျှင် သွားကိုက်၊ သွားနာ ပျောက်သည်။ ဝဲခြောက်နှင့် ပြည်တည်နာများကို တမာရွက်ကြိတ်၍ အုံလျှင် ပျောက်သည်။ တမာရွက်ပြုတ်၍ ရေချိုးက အယားအယံနှင့် မျက်စိယားယံခြင်း၊ ပူခြင်း၊ မျက်ရည်ပူကျခြင်းတို့ ပျောက်သည်။ တမာရွက်ကို ကျွမ်းအောင်လှော်၊ အမှုန့်ပြုလုပ်ပြီးလျှင် ဆားအနည်းငယ်ထည့်၍ နေ့စဉ်

mgyoe.com

SAMPLE BOOK

သွားတိုက်သော် သွားကိုက်၊ သွားနာ ရောဂါကင်းသည်။ သွားဖြူစင်သည်။ တမာသီးကို နေ့စဉ်စားလျှင် ဆီးရောဂါကင်းသည်။ တမာရိုးတံကို သွားထိုးတံ ပြုလုပ်ပြီး နေ့စဉ်တိုက်ခြင်းဖြင့် သွားရောဂါကင်း၍ သွားများဖြူဖွေးသည်။

ယင်းတို့မှာ တမာ၏ အာနိသင်များ ဖြစ်ပါသည်။

*

ထိုတစ်ခါက အညာသို့ရောက်စဉ် ကျွန်တော်သည် ရေနွေးကြမ်းနှင့် အမဲခြောက်ဖုတ်ကို စာအုပ်နှင့်တွဲဖက်မြည်းရင်း အိမ်နောက်ဖေးက တမာပင်ကလေးကိုကြည့်နေမိပါသည်။ အမေက အမဲခြောက်စပ်ချဉ်ဟင်း၊ တမာရွက်တို့ဖြင့် ကျွေးသဖြင့် တမာတန်းကိုသတိရကာ တမာပင်ကလေးကို မော့ကြည့်လိုက်မိခြင်းဖြစ်ပါသည်။ တမာရွက်တွေ ကြွေနေသည်မှာ သုံးလေးရက်ရှိပါပြီ။ ရိုးတံပြိုင်းပြိုင်းဖြစ်နေသော တမာပင်ကို ကြည့်၍ ကျွန်တော် လွမ်းဝေဒနာ ဝင်လာပါသည်။

သည်နေ့ မော့ကြည့်လိုက်တော့ နှစ်ရက်သုံးရက်ခန့် ရိုးတံပြိုင်းပြိုင်းဖြစ်နေသော တမာပင်ကလေးတွေ ရွက်နုတွေ ထွက်နေသည်ကို ကျွန်တော်မြင်ရသည်။ ပြက္ခဒိန်ကို လှမ်းကြည့်လိုက်တော့ ဖေဖော်ဝါရီလ ၂၄ ရက်။

ကျွန်တော်သည် နေ့စဉ် မှတ်တမ်းစာအုပ်ကို ထယူကာ အိမ်နောက်ဖေးက တမာပင်ကလေး ရွက်နုတွေ စထွက်တဲ့နေ့ဟု မှတ်ထားလိုက်ပါသည်။ အခြားသော တမာပင်များကို ကြည့်လိုက်တော့လည်း ရွက်နုကလေးတွေ ဆင်စပြုနေပါပြီ။ တမာပင်တို့သည် တပို့တွဲလပြည့်ကာနီးနှင့် လပြည့်ကျော်လောက်တွင် ရွက်နုဆင်သည်ကို ကျွန်တော်တွေ့ရပါသည်။

ရှေးစာဆိုတို့က တမာကို မကောင်းသည့်ဘက်တွင် ဥပမာ

mgyoe.com

mgyoe.com


တင်စား၍ သုံးခဲ့ကြပါသည်။ တမာလို မခါးနဲ့ ပျားလိုချိုဟု ပြောကြပါ သည်။ တမာရောယှက်၊ စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချိုကင်း၏ ဟု ဆိုကြပါသည်။

သို့ရာတွင် ယင်းမှာ တစ်ဘက်သတ်ကျသော နိဂုံးချုပ်နည်းဟု ထင်ပါသည်။ တမာပင်သည် အဆင်းမလှသော်လည်းအရိပ်ကို ပေးပါ သည်။ တမာပန်းနံ့သည် ရိုင်းသော်လည်း မွှေးမြမွှေးပါသည်။ တမာရွက် သည် အကြွေမြန်သော်လည်း ချက်ချင်းရွက်နုထွက်ပါသည်။ တမာသည် ခါးသည်ဟု ဆိုသော်လည်း ခံတွင်းမြိန်စေပါသည်။

နောက်ပိုင်းတွင်မူ ကဗျာဆရာတို့က တမာပန်းကို ဖွဲ့လာကြ ပါသည်။ တမာသည် အညာ၏ပုံရိပ် ဖြစ်လာပါသည်။ ချိုပြုံးက "တမာ တောမှာ ပျော်တယ်ဆိုတဲ့ မောင်ရေ၊ မောင်ရေ" ဟု တမာကို လွမ်းတ စွာ ညည်းပါသည်။

တမာနုချိန်သည် ကျွန်တော့်နွေ လွမ်းဝေဒနာ၏ ရောဂါလက္ခ ဏာချက် ဖြစ်ပါသည်။ ကျွန်တော့် အိမ်လွမ်းဝေဒနာ၏ ပြဒါးတိုင်လည်း ဖြစ်ပါသည်။

(အောင်မြင်ရေး မဂ္ဂဇင်း၊ ၁၉၈၉၊ မတ်)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

## ထီးကောက်နှင့်ခေါက်ထီး

ကျွန်တော်သည် အညာမှာမွေးပြီး အညာမှာ လူလားမြောက်ခဲ့လေသည်။ ကျွန်တော့်ဇာတိမြို့ကလေးသည် အလွန်ရေရှားသည်။ မိုးကလည်း ခေါင်သည်။ တန်ခူးလ တမာတွေ ပွင့်ပြီးနောက်တွင် မိုးရိပ်လေရိပ်ကို အနောက်တောင်ထောင့်ဆီမှ မြင်ရတတ်သည်။ သို့ရာတွင် မိုးမရွာပါ။ အနောက်တောင်ထောင့်မှ မိုးတိမ်ညိုညိုသည် ခဏအကြာတွင် ဘယ်ဆီသို့ ရောက်သွားလေသည် မသိ။ စုန်းစုန်းမြုပ်ပျောက်သွားတတ်သည်။ ကဆုန်လဆန်း ဆယ်ရက်လောက်မှ လပြည့်အထိကျင်းပသော ကျွန်တော်တို့ မြို့ငယ်မှ အဓိက ဘုရားပွဲကြီးဖြစ်သည့် ရွှေမြင်တင်ဘုရားပွဲကျင်းပပြီးသွားသော်လည်း မိုးမရွာသေး။ မိုးချုန်းသံနှင့် လျှပ်စီးရောင်သည် အနောက်တောင်က လာလိုက်၊ အရှေ့တောင်သို့ ရောက်သွားလိုက်၊ အနောက်မြောက်မှ ပေါ်လာလိုက်၊ အရှေ့မြောက်တွင် ပျောက်သွားလိုက်ဖြင့် ကျွန်တော်တို့မြို့ကို ပတ်ပတ်လည်မှ ဝိုင်း၍ ခြိမ်းခြောက်နေပါသည်။ သို့ရာတွင် မိုးစက်တစ်စက်မျှ မရွာပါ။ လေပူကြီး တဟူးဟူး

mgyoe.com

SAMPLE BOOK

တိုက်ပြီး ကောင်းကင်တွင် ဖုန်တွေ၊ သဲတွေသာ လွင့်ပျံနေတတ်ပါသည်။

ထိုအခါမျိုးတွင် "လေတွေ မိုးတွေလာပါလို့ ကဆုန်လပြည့်ကျော် လူပျိုကလေးတွေလာပါလို့ ခုံဖိနပ်နှင့်ဆော်" ဟု ကျွန်တော်တို့ တစ်တွေ အော်ဟစ်၍မြူးထူးကြပါသည်။ ပူပြင်းလှသော တပေါင်း၊ တန်ခူးရာသီမှ မိုးနံ့ကလေးသင်းကာ မိုးရိပ်ကလေးဆင်သည်ကို မြင်သောကြောင့် ကျွန်တော်တို့ အော်ကြ၊ ဟစ်ကြခြင်းဖြစ်သည်။ ထိုစာတိုကလေးသည် ကဗျာလား၊ သီချင်းလား၊ တဘောင်လားဆိုသည်ကို ကျွန်တော်မသိခဲ့ကြပါ။ ထိုစာတိုကလေးသည် မည်သည့်အချိန်က ပေါ်လာသောစာတိုကလေးဆိုသည်ကိုလည်း ကျွန်တော်တို့ မသိကြပါ။ သို့ဖြင့် မိုးနံ့လေနံ့ လေရိပ်တိမ်ရိပ်ကို မြင်သည့်အခါတွင် ကျွန်တော်တို့ ပျော်ခဲ့မြူးခဲ့ကြသည်။ သို့ရာတွင် မိုးကား မရွာသေးပါ။ နယုန်လပြည့်တဝိုက်လောက်တွင် မိုးတစ်ပြိုက်လောက် ရွာလိုက်သည်။ တစ်ပြိုက်လောက်ဆို သော်လည်း တစ်ချီကောင်းရွာလိုက်ခြင်းဖြစ်ပါသည်။ ထိုသို့ တစ်ပြိုက်ရွာပြီးနောက်တွင် တော်တော်နှင့် မရွာတော့ပါ။ (တစ်ခါတလေတွင်မူ တစ်ပြိုက်မျှပင် မရွာဘဲ ဝါဆို ဝါခေါင်အထိပင် မိုးခေါင်နေပါသေးသည်။ ထိုအခါတွင် ကျွန်တော်တို့ မနေနိုင်တော့။ ကျွန်တော်တို့သာမက ကျွဲနွားတို့လည်း မနေနိုင်တော့။ ကန်များ၊ ချောင်းများ၊ ရေတွင်းများတွင် ရေခန်းကုန်ပြီး မြက်တွေ၊ သစ်ပင်တွေ ခြောက်ကုန်ကြပြီ။ လူ့အတွက်သောက်ရေ၊ သုံးရေ အနည်းငယ်ရှိသည့်တိုင် ကျွဲများ၊ နွားများအတွက် ရေမရှိကြတော့ပြီ၊ မြက်နှင့် ကောက်ရိုး၊ ပြောင်းရိုး စသည်တို့ မရှိကြတော့ပြီ။ ထိုအခါတွင် ကျွဲတွေ နွားတွေ သေကြသည်။ လူအိုကြီးတွေနှင့် ကလေးငယ်များလည်း အပူဒဏ်ကြောင့် အသေအပျောက်ရှိကြသည်။

မိုးခေါင်လွန်းမက ခေါင်သည့်အခါတွင် ကျွန်တော်တို့ လွန်ဆွဲကြရသည်။ ကျွန်တော် ငယ်ငယ်က လွန်ဆွဲသည်ကို ကျွန်တော် မှတ်မိ

mgyee.com

mgyoe.com SAMPLE BOOK


သေးသည်။ လွှန်ဆွဲကြမည်ပြုသည့်အခါတွင် ကျွန်တော်တို့မြို့က လူကြီးတွေ၊ ကာလသားတွေ အိုးစည် ဗုံမောင်းတွေဖြင့် မြို့နှင့် နှစ်မိုင်ခန့်ကွာသည့် ထန်းဖူးတောရွာသို့ သွား၍ သစ်ခုတ်ကြသည်။ သစ်ဆိုသော်လည်း သစ်ကြီးဝါးကြီးတွေ မဟုတ်ပါ။ ထန်းလုံးများဖြစ်လေသည် လွှန်ကြိုး၏ အဆုံးတစ်ဘက် တစ်ချက်စီတွင် ထန်းလုံးကြီးတွေကို ထိပ်တွင် အပေါက်ဖောက်၍ ချထားပြီး ထိုအပေါက်ထဲသို့ သံကြိုးကြီးတွေ ချည်သည်။ ထိုသံကြိုးအဆုံးတွင်မှ ကျစ်လုံးခန့်တုတ်သည့် အုန်းဆံကြိုးကြီးတွေ ချည်ပြီး လွှန်ဆွဲကြရခြင်းဖြစ်သည်။ ထန်းလုံးခုတ်သည့်အခါတွင်လည်း မိုးခေါင်ကျော်စွာနတ်ကို ပသရသေး၏။ လွှန်ကြိုးကို ဆီသုတ်၍ ခွေထားသည့်အခါလည်း နတ်ကို ပသရသေး၏။ လွှန်ကြိုးတပ်ပြီး ဆွဲခါနီးတွင်လည်း မိုးခေါင်ကျော်စွာကို ပသရသေးသည်

လွှန်ဆွဲပြီး သုံးလေးရက်အကြာတွင် မိုးရွာသည်။ သို့ရာတွင် အညာမိုးသည် တစ်ခါရွာပြီးနောက် တော်တော်နှင့် မရွာပြန်တော့ပါ။ ခါးတိုင်းလို ခြောက်သွေ့မြဲခြောက်သွေ့နေပါသည်။ သို့တိုင် မြေနူးသွားပြီဖြစ်သဖြင့် ယာများထဲတွင် ထွန်သူတို့ ထွန်ကုန်ကြပြီ။ အပူပိုင်းတွင် ပေါက်သည့် နွားလျှာကြီး၊ ဆူးပုပ်ကလေး၊ ကင်းပုံ၊ သနပ်စသည့် အပင်တို့ အညွန့်ထိုးစ ပြုလာကာ ဟင်းရွက်နုနုကလေးများကို ဟင်းချိုသောက်နိုင်လေပြီ။ ထိုအရွက်များသည် ကျွန်တော်တို့ အညာသူ အညာသားတို့ စားလေ့ရှိသော ဟင်းသီးဟင်းရွက်များပင် ဖြစ်လေသည်။

အညာမိုးကားတစ်လမှာ တစ်ခါ၊ နှစ်ခါ၊ လေးငါးဆယ်ခါ လောက်သာရွာလေသည်။ မိုးတွင်းဟုဆိုသော်လည်း ရန်ကုန်မှာလို နေ့တိုင်းမိုးမရွာ။ ရွာသည့်အခါတွင်လည်း ခဏတဖြုတ်မျှသာ။

သို့ကလို မိုးနည်းသော အညာတွင် မွေး၍ မိုးတွင်းအတွက် ထီးမလို၊ မိုးကာမလိုပါ။ တစ်အိမ်တွင် တစ်လက်တလေရှိလျှင်

mgyoe.com